ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ (4-1-2007) (၅၁၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်ရေး၏တန်ဖိုးကို ကောင်းစွာသိမြင်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ထိန်းသိမ်းကာကွယ်

ယနေ့ခေတ်တွင် နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ ဩဇာလွှမ်းမိုးရန် အားထုတ်ကျူးလွန်နေကြခြင်းသည် ခေတ်သစ်ကိုလိုနီစနစ်ပင်ဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ–

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် များလှစွာသော အသက်သွေး၊ ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၉)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်း ခရီးစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ် ပြည့်ဝမှု၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မှုများဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး ဆည်၊ ကန်ငယ်နှင့် ရေလှောင်တမံများ တည်ဆောက်

နေပြည်တော် ဇန်နဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ၃၀ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဖြစ်သည့် ဆည်၊ကန်ငယ်၊ရေလှောင်တမံများ တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တမာရေလှောင်တမံ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ်၌ တည်ဆောက်နေသော တမာရေလှောင်တမံသို့ ရောက်ရှိကြရာ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းက ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ တည်ဆောက်မှုနှင့် ဆည်ရေပေးဝေမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ☆

တမာရေလှောင်တမံ ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဆိပ်ဖြူမြို့နယ်တွင် တည်ဆောက်နေသော တမာရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၄-၁-၂၀၀၇
(ကြာသပတေးနေ့)

ဒို့တာဝန်အရေးသုံးပါး ထာဝစဉ်ဦးထိပ်ထား လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်းကာကွယ်

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်(ယနေ့)သည် မြန်မာနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်သို့ လွယ်လွယ်ကူကူရရှိ၊ ရောက်ရှိခဲ့သည်ကားမဟုတ်ပေ။ ရဟန်းရှင်လူ၊ တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စွန့်လွှတ် စွန့်စား၍ ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်တိုက်ထုတ်ပြီးမှ ရယူခဲ့ရသော လွတ်လပ်ရေးဖြစ်သည်။

ယင်းသို့ သမိုင်းတွင် ကမ္ပည်းတင်ခဲ့ရသည့် ကြိုးပမ်းမှုများဖြင့် ရယူခဲ့ရသော လွတ်လပ်ရေး၏ အနှစ်သာရနှင့် တန်ဖိုးကို ထာဝရတန်ဖိုးထား လေးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာ တည်သရွေ့ တည်တံ့ခိုင်မြဲစေရေးအတွက် ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်သည် နိုင်ငံသားတိုင်းက မျက်မှောက်ပြုရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသည့်ဒို့တာဝန်အရေးသုံးပါးသည် ထာဝစဉ်အလေးထားကြရမည့် အမျိုးသားရေးမူဝါဒဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ထားကာ ခိုင်မာမြဲမြံသော စည်းလုံးညီညွတ်မှုအင်အား၊ မြင့်မားသည့် စွမ်းဆောင်ချက်များနှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဘိုးဘွား အမွေအနှစ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထာဝရ အဓွန့်ရှည် တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

ရမည်းသင်း အထက ရာပြည့်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲတော်ကို ဇန်နဝါရီ ၁၁ရက်မှ ၁၅ ရက်အထိ ကျောင်းသမိုင်းပြခန်း၊ ပန်းချီပြခန်း၊ အိမ်တွင်းမှုပြခန်းနှင့် ဘာသာရပ်ဆိုင်ရာပြခန်းများ၊ ကျောင်းသူ၊ ကျောင်းသားအဟောင်း၊ အသစ်များ၏ ပဒေသာကပွဲများ၊ မန္တလေးသစ်လွင် အငြိမ့်နှင့် ရန်ကုန်တီးဝိုင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ(၁၂၅)၏ (၆၁)ကြိမ်မြောက် တရားစခန်းတွင် ပဓာန နာယက အဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ပရမကြီးမှူး၍ ပဋ္ဌာန်စ္စ သမုပ္ပာဒ်သင်တန်းပြ ဆရာကြီး ဦးကျော်မင်း၊ ဆရာမကြီး ဒေါ်ဝိဇ္ဇာ သီဂီနှင့် ကထိကသစ္စာရဲမင်း (ဘီအက်စ်စီ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများသည် ဇန်နဝါရီ ၁၇ ရက် အရောက်လာကြရန်နှင့် ဖုန်း-၀၉၅၁ ၀၅၅၈၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၂)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇)ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ဝယ်လိုသူများသည် ဇန်နဝါရီ ၂၇ရက်မှစတင်၍ မှတ်ပုံတင်ကြေးနိုင်ငံသားငွေကျပ် ၁၀၀၀၀၊ နိုင်ငံခြားသားယူရို ၂၀နှင့်အတူ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်သည်။

ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇန်နဝါရီ ၅ရက်မှ ၁၉ရက်အတွင်း လာရောက်အပ်နှံနိုင်ပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏တန်ဖိုးပေါ်တွင်ဝ ဒသမ ၄ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် လည်းကောင်း၊ရောင်းချရပါက ရောင်းချရရှိငွေ နိုင်ငံခြားငွေဖြစ်ပါက ၁ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေဖြစ်ပါက ၃ရာခိုင်နှုန်းကို ကော်မရှင်ခအဖြစ်လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ကာ ရတနာခွန် ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက် ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် အမှတ်(၂၄/၂၆)(ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃ နှင့် ၃၇၀၅၆၁ တို့သို့ လည်းကောင်း၊ မြန်မာအင်ပီရီရယ်(လ်)ဂျိတ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမှတ်(၂၂) ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၆၂၁၈နှင့် ၆၆၆၂၃၉တို့သို့ လည်းကောင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရောဝတီတိုင်းပြည်သူလူထုနှင့်တွေ့ဆုံပွဲ တက်ရောက်မှာကြား

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ ၃၁ရက်တွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည့် ပြည်သူလူထုနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနား သို့တက်ရောက်၍ အမှာစကားပြောကြားပြီး မြို့နယ်မီးလင်းရေးကော်မတီနှင့်မြို့နယ်ပြည်သူ့ဆေးရုံဘက်စုံပြုပြင်ရေး ကော်မတီ တို့သို့ အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့နယ် မြို့မ (၈)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းဆောင် ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ စာရေးစားပွဲအစုံ ၂၀နှင့် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့နယ် နတ်ချောင်း အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိ၍ ကျောင်းပြုပြင်ရန် လိုအပ်သည်များကို ကြည့်ရှု စစ်ဆေးပြီး အလှူရှင်များနှင့်အတူ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့နယ် ပုလဲကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းပြုပြင်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ငွေကျပ် ၂၂သိန်း ခြောက်သောင်းကိုးထောင်ကို ပေးအပ်လှူဒါန်းကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဇန်နဝါရီ ၁ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ဖျာပုံခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား နယ်မြေဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းရုံးရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ ဧက ၄၀၀ စပါးစံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လုပ်ငန်းဖွဲ့စည်းခြင်းဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဇန်နဝါရီ ၆ ရက်(စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ကထိက ဦးသိန်းအောင်(ငြိမ်း)က လုပ်ငန်းဖွဲ့စည်းခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်ကမ်းလွန်ပင်လယ်ပြင်၌ ကူးတို့သင်္ဘောနစ်မြုပ်စဉ် ဒုက္ခသည်များ ပင်လယ်ပြင်၌ အသက်ကယ်ဖောင်ဖြင့်မျောနေသည်ကို ဒီဇင်ဘာ ၃၁ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ကော်ဖီတင်ပို့မှုမြင့်တက်မည်

ဟနွိုင်း ဇန်နဝါရီ ၂

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ကျော်တန်ဖိုးရှိ ကော်ဖီတန်ချိန် ၈၉၇၀၀၀တင်ပို့ရန် ခန့်မှန်းထားကြောင်း၊ ၂၀၀၅ခုနှစ်ထက် တန်ဖိုးအားဖြင့် ၄၉ ဒသမ ၉ရာခိုင်နှုန်းနှင့် တန်ချိန်ပမာဏအားဖြင့် သုညဒသမ ၅ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ကုန်သွယ်မှုသတင်းပြန်ကြားရေးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် ကြေညာသည်။

၂၀၀၆ခုနှစ်တွင် ဗီယက်နမ်နိုင်ငံထွက်ကော်ဖီပို့ကုန်ဈေးနှုန်းမှာ လွန်ခဲ့သည့် ခုနစ် နှစ်တာကာလအတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ ကော်ဖီ တစ်တန်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၆၀၀အထိရှိခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှု သတင်းပြန်ကြားရေးဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံက ကော်ဖီတင်ပို့လျက်ရှိသော အဓိကဈေးကွက်များတွင် ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့်စင်ကာပူနိုင်ငံတို့ပါဝင်သည်။

ကော်ဖီစိုက်ပျိုးမှုတိုးချဲ့ရန်နှင့်ကော်ဖီထုတ်လုပ်မှုတိုးချဲ့ရန် ပြည်တွင်းရှိ ကော်ဖီစိုက်ပျိုးသူများနှင့်ကော်ဖီလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ ခေတ်မီစက်ကိရိယာများနှင့် ခေတ်မီနည်းပညာရပ်များကို အသုံးပြုသင့်ကြောင်း ဗီယက်နမ်နိုင်ငံကော်ဖီနှင့်ကိုကိုးလုပ်ငန်းရှင်များအသင်းက ပြောကြားသည်။

အမ်အမ်အေ၊ဆင်ဟွာ။

ဆိုမာလီအတွက် ကယ်ဆယ်ရေးပစ္စည်းသယ်သွားသောလေယာဉ် ကင်ညာတွင် ပျက်ကျ

နိုင်ရိုဘီ ဇန်နဝါရီ ၂

ကင်ညာနိုင်ငံနိုင်ရိုဘီမြို့ ရဲသင်တန်းကျောင်းတန်းလျားအနီးတွင် ဒီဇင်ဘာ ၃၀ရက်ကဆိုမာလီသို့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်သွားသောလေယာဉ်တစ်စင်းပျက်ကျခဲ့ရာလေယာဉ်အဖွဲ့သား သုံးဦးမှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်လာခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

ပျက်ကျသွားသော ကယ်ဆယ်ရေးပစ္စည်းသယ်လေယာဉ်မှာ ဖိုက်ဝိုင်အက်စ်အာရ်ကေ အမျိုးအစားလေယာဉ်ဖြစ်ပြီး ကြက်ခြေနီပစ္စည်းများ သယ်လာသည့် စင်းလုံးငှားလေယာဉ် ဖြစ်သည်။ ယင်းလေယာဉ်မှာ စကိုင်းရီလိဖ်ဆားဗစ်ပိုင် လေယာဉ်ဖြစ်ပြီး ဆိုမာလီနိုင်ငံဘာဒိုအာသို့ ပျံသန်းနေစဉ် ယခုအဖြစ်ဆိုးနှင့်ကြုံရခြင်းဖြစ်သည်။

ကင်ညာနိုင်ငံ လေယာဉ်ကွင်းမှ တာဝန်ရှိသူများသည် လေယာဉ်မှ ဒုက္ခတွေ့နေကြောင်း သတင်းပေးပို့ချက်ကို ရရှိခဲ့ပြီးနောက် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှုကြောင့် လေယာဉ်အဖွဲ့သားသုံးဦးကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယင်း ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကင်ညာနိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်များက စုံစမ်းနေဆဲဖြစ်သည်။

ရာသီဥတုဆိုးရွား

လေယာဉ်၏စက်ပိုင်းတွင် ချွတ်ယွင်းမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်ဟု လေယာဉ်မှူးက ပြောကြားသည်။ လေယာဉ်ပျက်ကျချိန်၌ မိုးဖွဲဖွဲရွာနေပြီး နိုင်ရိုဘီဝန်းကျင်၌ ရာသီဥတုဆိုးရွားနေချိန်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဆာဗေဒိုး၌ ငလျင်လှုပ်

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂

အယ်လ်ဆာဗေဒိုနိုင်ငံနေရာ အနှံ့အပြား၌ စနေနေ့တွင် ပြင်းအား ၅ဒသမ၈ ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်သွားကြောင်း၊ အဆောက်အအုံ အများအပြား ပျက်စီးသွားကြောင်း၊ သေဆုံးသူနှင့် ဒဏ်ရာ ရရှိသူမရှိကြောင်း ဆင်ဟွာသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ယင်းငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၂မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၇၄၂ နာရီ)တွင် လှုပ်သွားကြောင်း၊ ငလျင်ဗဟိုချက်မှာ ဂွာတီမာလာနိုင်ငံအလွန် ပင်လယ်ကမ်းခြေ ဒေသတွင် တည်ရှိကြောင်း အမျိုးသားပိုင်နက်ဒေသလေ့လာရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဆင့်မြင့် နည်းပညာဆိုင်ရာ လေ့လာတွေ့ရှိချက်များ တိုးတက်ရန် သုတေသနအစီအစဉ်က အထောက်အကူပြုခဲ့

ပေကျင်း ဇန်နဝါရီ ၂

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ သုတေသန သိပ္ပံပညာရှင်များသည် စွမ်းအင်၊ သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် အာရုံစိုက်သင့်ကြောင်း အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

နိုင်ငံတော် အဆင့်မြင့် နည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်မှု နှစ် ၂၀ ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်ကောင်စီဝင် ချန်ကျိလိက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် အဆင့်မြင့်နည်းပညာ သုတေသနအဖွဲ့ကို ထူထောင်သင့်ကြောင်း ၁၉၈၆ ခုနှစ် မတ်လတွင် သိပ္ပံပညာရှင် လေးဦးက ဗဟိုအစိုးရအဖွဲ့ထံ အကြံပြုခဲ့ပြီးနောက် ယင်းနှစ်နိုဝင်ဘာလအတွင်း သုတေသနအဖွဲ့အစည်းကို ထူထောင်ခဲ့သည်။ အဆင့်မြင့်နည်းပညာ သုတေသနအစီအစဉ်အရ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ သိပ္ပံပညာရှင်များကို လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း ချန်ကပြောကြားသည်။အဆိုပါ သုတေသန အစီအစဉ်သည် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားကာကွယ်ရေးတို့အတွက် များစွာထောက်ကူခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆင့်မြင့်နည်းပညာဆိုင်ရာလေ့လာတွေ့ရှိချက်များ တိုးတက်ဖြစ်ပေါ်လာစေရန် သုတေသန အစီအစဉ်က အထောက်အကူပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

ပြည်ပရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးလုပ်ငန်းများ၌ တောင်ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမည်

ဆိုးလ် ဇန်နဝါရီ ၂

တောင်ကိုရီးယားကုမ္ပဏီများသည် ၂၀၀၇ ခုနှစ်တွင် ပင်လယ်ရပ်ခြားနိုင်ငံများ၌ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပြည်ပနိုင်ငံများတွင် ရေနံနှင့် ဓာတ်ငွေ့ စူးစမ်းရှာဖွေရေး လုပ်ငန်းများ လုပ်ကိုင်ရာ၌ တောင်ကိုရီးယား ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆ ဘီလီယံရှိမည်ဟု ခန့်မှန်းရကြောင်း၊ ယင်းမှာ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိခဲ့ရာမှ ၃၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

၂၀၀၇ ခုနှစ်အတွင်း ပြည်ပ၌ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးပြုလုပ်ရာတွင် တောင်ကိုရီးယား ကုမ္ပဏီများ သုံးစွဲမည့် ငွေကြေးပမာဏမှာ အစိုးရက အတည်ပြုပေးပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအရ ပြောဆိုခြင်းဖြစ်ကြောင်း၊အတည်မပြုရသေးသောလုပ်ငန်း စီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုပါ ထည့်သွင်းစဉ်းစားပါက ယင်းငွေကြေး ပမာဏထက် များစွာကျော်လွန်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဘိုလီးဗီးယားနိုင်ငံ ကျန်းမာရေးစီမံချက်အရ ဒေမာရာကျေးရွာမှ တောင်သူတစ်ဦးအား ခေတ်မီမျက်စိ စမ်းသပ်ကိရိယာဖြင့် စမ်းသပ်ပေးနေသည်ကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယူးဒေလီ၌မြူထူထပ်စွာကျ၊လေကြောင်းသွားလာမှုနှောင့်နှေး

နယူးဒေလီ ဇန်နဝါရီ ၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် နှစ်သစ်၏ ပထမဆုံးနေ့ဖြစ်သော ဇန်နဝါရီ ၁ ရက်က မြူထူထပ်စွာကျဆင်းခဲ့သဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းခရီးစဉ်အချို့ကိုဖျက်သိမ်းခြင်း သို့မဟုတ် လေဆိပ်ပြောင်းလဲဆင်းသက်ခြင်းများ ပြုလုပ်ခဲ့ရကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

မြို့တော်ရှိ အင်ဒီရာဂန္ဒီနိုင်ငံတကာလေဆိပ်တွင် မြူပိတ်ဖုံးနေမှုကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၁၆ခုကို ဖျက်သိမ်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နယူးဒေလီနိုင်ငံတကာလေဆိပ်တွင် ဆင်းသက်မည့် ပြည်တွင်းလေကြောင်းခရီးစဉ် ၂၄ ခုနှင့် နိုင်ငံတကာလေကြောင်း ခရီးစဉ် ၁၂ခုကို လမ်းကြောင်း ပြောင်းလဲဆင်းသက်စေခဲ့ရကြောင်း အထူးသဖြင့် ဂျေပူရ်၊ လပ်ခနောင်း၊ မွမ်ဘိုင်းနှင့် အာမက်ဒါဘတ်စသည့် မြို့ကြီးများသို့ ပြောင်းလဲဆင်းသက်ခဲ့ရကြောင်း၊ ဇန်နဝါရီ ၁ ရက်နံနက်ပိုင်းတွင် ပြည်တွင်းလေကြောင်းခရီးစဉ် ၁၁ခုကို လေဆိပ်၌ အတက်အဆင်း ပြုလုပ်ချိန် ပြင်ဆင်ပြောင်းလဲခဲ့ရကြောင်း နိုင်ငံတကာ လေဆိပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။***အင်တာနက်။***

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မြောက်ပိုင်း အယုဒ္ဓယမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် နှစ်သစ်ကူးကာလ ပရိသတ်များအား ဖျော်ဖြေနေသော ဆင်လိမ္မာ တစ်ကောင်ကို ဇန်နဝါရီ ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၁/၂၀၀၇
၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂဏ္ဍဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာရဒ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ ဘဒ္ဒန္တနရိန္ဒာစာရ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)
၃။ ဘဒ္ဒန္တသောဘန၊ သောဘနာဝါသကျောင်း၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိသာရဒ၊ မဟာဝိဟာရပရိယတ္တိစာသင်တိုက်၊ ကော့ဘိန်းရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၂။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း၊
၃။ ဘဒ္ဒန္တသီဟဉာဏာဘိဝံသ၊ ဆံတော်တွင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၄။ ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)
၅။ ဘဒ္ဒန္တသေဋ္ဌိလ ပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)
၆။ ဘဒ္ဒန္တဝိစိတ္တ၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီး၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၇။ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ ရေနံချောင်းကျောင်း၊ မိုးကောင်းတိုက်၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၈။ ဘဒ္ဒန္တသီလာစာရ၊ ပထမကျော်ဓမ္မာစရိယတိုက်သစ် ကျောင်းတိုက်၊ ဝန်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၉။ ဘဒ္ဒန္တသာဂရာဘိဝံသ၊ သာယာဝင်းကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၁၀။ ဘဒ္ဒန္တသောမ၊ မဏိရတနာပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၁။ ဘဒ္ဒန္တသဒ္ဓိယ၊ ပုညနိမ္မိတာရုံရွှေသုဝဏ်ကျောင်းတိုက်၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၂။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ သာယာဝတီကျောင်း၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၃။ ဘဒ္ဒန္တသုတာလင်္ကာရ၊ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၁၄။ ဘဒ္ဒန္တဇောတိက၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခရမ်းမြို့နယ် ရန်ကုန်တိုင်း
၁၅။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း
၁၆။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဓမ္မရောင်ခြည်စာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း
၁၇။ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၊ မိုင်းသောင်ပထမကျောင်း၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တကောဏ္ဍည၊ မန်ဆူဘုရားကြီးကျောင်းတိုက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၁၉။ ဘဒ္ဒန္တသုမန၊ စက်ရုံကျောင်းတိုက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း
၂၀။ ဘဒ္ဒန္တခေမိန္ဒ၊ ပစ္ဆိမာရုံစာသင်တိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၁။ ဘဒ္ဒန္တဥဒူဂါမသိရီဓမ္မဒဿိရတနပါလထေရ် (Ven.Udugama Sri. Dhamma dasse Ratanapala Thero) Asgiriya၊ မဟာဝိဟာရကျောင်းတိုက်၊ ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ
၂၂။ ဘဒ္ဒန္တကောတုဂေါဒဓမ္မဝါသထေရ် (Ven.Kotugoda Dhammawasa Thero)၊ သီရိဓမ္မပါလာရာမ ကျောင်းတိုက်၊ လာဘီးနီးယားတောင်၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ

မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာဝံသ၊ ရွှေပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဓမ္မသာရ၊ ဓမ္မသာရကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၂။ ဘဒ္ဒန္တဇာဂရ၊ သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက်၊ အတွင်းတောင်ကိုးလုံး၊ အင်းတကော်စံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း
၃။ ဘဒ္ဒန္တဉာဏဓဇ၊ ပြည်တော်အေးကျောင်းတိုက်၊ ရှမ်းပွဲရပ်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း
၄။ ဘဒ္ဒန္တကုန္ဒက၊ ဓမ္မမာမကကျောင်း၊ ညောင်ကန်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၅။ ဘဒ္ဒန္တဆန္ဒာဓိက၊ ရွှေပါရမီတောရ၊ လိပ်အင်းရပ်၊ သထုံမြို့၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တပညာနန္ဒ၊ ဇယမင်္ဂလာကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း
၇။ ဘဒ္ဒန္တဥတ္တရ၊ မဏ္ဍလာရာမပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာဂဝံသ၊ မွန်ပရိယတ္တိကျောင်းတိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာသီရိ၊ ရွှေသိမ်တော်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၃။ ဘဒ္ဒန္တဝိမလ၊ ငပရင်းကျောင်းတိုက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်း
၄။ ဘဒ္ဒန္တကုသလ၊ လေးထပ်ကျောင်း၊ ကသာမြို့၊ စစ်ကိုင်းတိုင်း
၅။ ဘဒ္ဒန္တပဏ္ဍိတ၊ မြို့မရွှေဂူကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၆။ ဘဒ္ဒန္တပညာဝံသ၊ ဓမ္မပါရဂူကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
၇။ ဘဒ္ဒန္တသဒ္ဓမ္မဓဇ၊ ဝိဇယရုံသီကျောင်း၊ ကျစွာချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၈။ ဘဒ္ဒန္တတေဇဝန္တ၊ မဟာဝိသုဒ္ဓါရုံကျောင်း၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း
၉။ ဘဒ္ဒန္တဇောတိက၊ ပဲခူးပရိယတ္တိကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၁၀။ ဘဒ္ဒန္တပညာဇောတ၊ ရွှေအောင်ရွေးပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၁။ ဘဒ္ဒန္တအဂ္ဂဉာဏ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၂။ ဘဒ္ဒန္တကုန္ဒကာဘိဝံသ၊ ကန်ဦးကျောင်း၊ ရွာဘဲ၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)
၁၃။ ဘဒ္ဒန္တပညောဘာသ၊ မဟာထူပါရုံကျောင်း၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)
၁၄။ ဘဒ္ဒန္တသြဘာသ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်း၊ ဆံတော်ရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၅။ ဘဒ္ဒန္တကေတု၊ မဟာဝိသုတာရာမတိုက်၊ စလင်းမြို့၊ မကွေးတိုင်း။
၁၆။ ဘဒ္ဒန္တသောဘိတ၊ သာသနဝုမုကာရီစာသင်တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း
၁၇။ ဘဒ္ဒန္တဝေဒိယ၊ သာသနဝိပုလာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း
၁၈။ ဘဒ္ဒန္တကုသလာဘိဝံသ၊ ဝိသုဒ္ဓါရုံရေဦးကျောင်းတိုက်၊ ယဉ်တော် ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း
၁၉။ ဘဒ္ဒန္တသုဝဏ္ဏာလင်္ကာရ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၀။ ဘဒ္ဒန္တမုနိန္ဒဃောသ၊ လယ်ကိုင်းအရှေ့ကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၁။ ဘဒ္ဒန္တသုမန၊ ပညာရာမိကမြို့ဦးကျောင်းတိုက်၊ အောင်ဇေယျရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၂။ ဘဒ္ဒန္တကေသရ၊ မြို့သစ်ကျောင်းတိုက်၊ မတ္တရာမြို့၊ မန္တလေးတိုင်း
၂၃။ ဘဒ္ဒန္တနရိန္ဒဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၄။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ မြတ်ရတနာကျောင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း
၂၅။ ဘဒ္ဒန္တနာယက၊ အရှေ့တိုက်တော်ကျောင်းတိုက်၊ စမ်းမြရောင်ခြည်ကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၆။ ဘဒ္ဒန္တဇောတိပါလ၊ သီရိမာလာ ပခုက္ကူကျောင်း၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
၂၇။ ဘဒ္ဒန္တနိယတသေဋ္ဌ၊ အောင်မြန်မာကျောင်း၊ ဝွေးချိုတိုက်၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၈။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ တောင်ပြင်ထီးလင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၉။ ဘဒ္ဒန္တသီလာနန္ဒ၊ သာသနဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၃၀။ ဘဒ္ဒန္တဥတ္တမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၃၁။ ဘဒ္ဒန္တကုသလာလင်္ကာရာဘိဝံသ၊ ပရိယတ္တိလင်္ကာရကျောင်း၊ အရှေ့ဆင်တဲတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၃၂။ ဘဒ္ဒန္တဇာနိယျာဘိသိရီ၊ ရေပန်းကျောင်းတိုက်၊ ဒေးဝန်းအရှေ့၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း
၃၃။ ဘဒ္ဒန္တရာဝိက၊ သုမင်္ဂလာရာမိကကျောင်း၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၃၄။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၃၅။ ဘဒ္ဒန္တကုန္ဒဝံသာဘိဝံသ၊ ပညာပါရမီစာသင်တိုက်၊ ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်
၃၆။ ဘဒ္ဒန္တသုမန၊ ဒေဝသာဂရသိမ်ကုန်းကျောင်း၊ ဓမ္မိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
၃၇။ ဘဒ္ဒန္တခေမိန္ဒ၊ အုဌ်ဖိုလ်ကျောင်းပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း
၃၈။ ဒေါက်တာဘဒ္ဒန္တရေဝတာလင်္ကာရ၊ ပိုက်ကြီးဝဲအရှေ့ကျောင်း၊ မဟာဝိဇိတာရာမစာသင်တိုက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း
၃၉။ ဘဒ္ဒန္တစန္ဒိမာ၊ ပါဒကြီးပရိယတ္တိစာသင်တိုက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၀။ ဘဒ္ဒန္တကုသလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၁။ ဘဒ္ဒန္တပညာနန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း
၄၂။ ဘဒ္ဒန္တကုမာရ၊ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း
၄၃။ ဘဒ္ဒန္တပညာဝံသ၊ အောင်ချမ်းသာကျောင်းတိုက်၊ အောင်ပန်းမြို့၊ ရှမ်းပြည်နယ်
၄၄။ ဘဒ္ဒန္တသာသန၊ ကျိုက်ထီးရိုးစာသင်တိုက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း
၄၅။ ဘဒ္ဒန္တသာရမတိ၊ ဇီဝကာရာမရွှေကျင်ကျောင်းတိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း
၄၆။ ဘဒ္ဒန္တသူရိယ၊ တိုက်သစ်ကျောင်း၊ ဓမ္မဝိနယပထမပြန်စာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း
၄၇။ ဘဒ္ဒန္တကုန္ဒိဉာဏာဘိဝံသ၊ ဝေဠုဝန်ပရိယတ္တိကျောင်းတိုက် ၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်း
၄၈။ ဘဒ္ဒန္တနန္ဒဝံသ၊ အိုးဘိုကျောင်းတိုက်၊ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၄၉။ ဒေါ်ကဥ္စနဝတီ၊ မောက္ခသီဝံချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၅၀။ ဒေါ်ပုညကာမိ၊ မိဂဒါဝုန်ချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၅၁။ ဒေါ်ပုညစာရီ၊ သီတာသေီလရှင်စာသင်တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း
၅၂။ ဒေါ်ဉာဏဝတီ၊ ဉာဏဝတီသီလရှင်စာသင်တိုက်၊ တကောင်းကျောင်း၊ အနိုပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏဓဇ၊ မဟာတိလောကာရာမ ပရိယတ္တိစာသင်တိုက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညောဘာသ၊ ပညာရောင်ခြည်စာသင်တိုက်၊ ပျော်ဘွယ်ကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တနိပက၊ ရတနာမုန်ကျောင်း၊ ရွှေဂွန်းရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တသုမန၊ သံပုရာကျောင်းတိုက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်
၅။ ဘဒ္ဒန္တကုန္ဒဝံသ၊ ဟံသာဂီရိကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၆။ ဘဒ္ဒန္တစန္ဒာဝရ၊ ရတနာသိမ်ကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၇။ ဘဒ္ဒန္တဇဋိလ၊ ပထမဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၈။ ဘဒ္ဒန္တပညာသိရီ၊ မဟာစေတီကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
၉။ ဘဒ္ဒန္တဥတ္တမ၊ ဝေဠုဝန်တိုက်သစ်ပါဠိတက္ကသိုလ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း
၁၀။ ဘဒ္ဒန္တကောသလ္လ၊ ပတ္တမြားကျောင်းတိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
၁၁။ ဘဒ္ဒန္တနန္ဒိယ၊ သာသနဒီပစာသင်တိုက်၊ အင်းတိုင်စုရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း
၁၂။ ဘဒ္ဒန္တမုနိန္ဒ၊ ဓမ္မပါလကြားတောရကျောင်းတိုက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း
၁၃။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၄။ ဘဒ္ဒန္တတေဇနိယ၊ ဥဿာသီဂီစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း
၁၅။ ဘဒ္ဒန္တမဟိန္ဒ၊ မြို့မပရိယတ္တိကျောင်းတိုက်၊ နွယ်ချို(၁)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)
၁၆။ ဘဒ္ဒန္တကုဏ္ဍလ၊ ဖျောက်ဆိပ်ပင်စာသင်တိုက်၊ နတ်မောက်မြို့၊ မကွေးတိုင်း
၁၇။ ဘဒ္ဒန္တဝိဇယ၊ တေဇာရာမကျောင်းတိုက်၊ ကမ်းဖြူရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း
၁၈။ ဘဒ္ဒန္တစန္ဒာဝရ၊ ကေတုမတီတောင်ငူကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း
၁၉။ ဘဒ္ဒန္တနေမိန္ဒ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း
၂၀။ ဘဒ္ဒန္တပဏ္ဏဝ၊ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
၂၁။ ဘဒ္ဒန္တနန္ဒိယ၊ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၂။ ဘဒ္ဒန္တဓမ္မောဒယ၊ မစိုးရိမ်ကျောင်း၊ ဆင်တဲတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၃။ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ၊ ပုသိမ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၄။ ဘဒ္ဒန္တကဥ္စန၊ ဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း
၂၅။ ဘဒ္ဒန္တဇောတိက၊ ဇေယျဝတီစာသင်တိုက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း
၂၆။ ဘဒ္ဒန္တကဝိန္ဒ၊ အောင်ရတနာကျောင်း၊ ကျောက်တံခါးတောရစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း
၂၇။ ဘဒ္ဒန္တကောဝိဒသာရ၊ သီရိမာလာကျောင်း၊ချမ်းသာကြီးမြောက်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း
၂၈။ ဘဒ္ဒန္တရာဇိန္ဒ၊ ပန်းတနော်ပရိယတ္တိစာသင်ကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲

▲ စာမျက်နှာ ၄ မှအဆက်

၁၉။ ဘဒ္ဒန္တဥတ္တမသာရ၊ စည်သာကျောင်း၊ အနောက်ခင်မကန်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၃၀။ ဘဒ္ဒန္တဝိစိတ္တ၊ မြတ်ရွှေဂူစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း

၃၁။ ဘဒ္ဒန္တဝိမလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၃၂။ ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၃၃။ ဘဒ္ဒန္တပညာသာမိဘိဝံသ၊ တော်ကူးကျောင်းတိုက်၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃၄။ ဘဒ္ဒန္တသုဇာတ၊ သာသနာပရိယတ္တိစာသင်တိုက်၊ အထုပ်သည်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်

၃၅။ ဘဒ္ဒန္တဇဝန၊ ဇရပ်ပြင်ပရိယတ္တိစာသင်တိုက်၊ ဇရပ်ပြင်ရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

၃၆။ ဘဒ္ဒန္တဓမ္မောသဓ၊ သက္ကာယ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၊ သက်ကယ်ကျွန်းရွာ၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်

၃၇။ ဘဒ္ဒန္တသုန္ဒရသိရီ၊ ပါရမီစံကျောင်းပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၈။ ဘဒ္ဒန္တဓမ္မသိရီ၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၉။ ဘဒ္ဒန္တဇဋိလ၊ ဥက္ကံဘုရားကြီးမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း

၄၀။ ဘဒ္ဒန္တပဏ္ဍိတ၊ မဏိရတနာကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၁။ ဘဒ္ဒန္တပညာသာမိ၊ ကျိုက္ကဆံရွှေကျောင်တိုက်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၂။ ဘဒ္ဒန္တမာနိတာဘိဝံသ၊ သာသနဝံသပရိယတ္တိစာသင်တိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း

၄၃။ ဘဒ္ဒန္တသုဗြဟ္မ၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၄၄။ ဘဒ္ဒန္တနန္ဒသေနာလင်္ကာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၅။ ဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၆။ ဘဒ္ဒန္တဥတ္တမသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၇။ ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၊ ဘုရားသုံးဆူပရိယတ္တိစာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၈။ ဘဒ္ဒန္တပဏ္ဍိတ၊ သာသနဟိတပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း

၄၉။ ဘဒ္ဒန္တဉာဏဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၅၀။ ဘဒ္ဒန္တတေဇဝန္တ၊ သိမ်တောင်ကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၅၁။ ဘဒ္ဒန္တသုမနာလင်္ကာရ၊ နမ့်စစ်လင်းကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၅၂။ ဘဒ္ဒန္တကုန္ဒဓမ္မ၊ တောင်တန်းသာသနာပြုဗဟိုကျောင်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

၅၃။ ဘဒ္ဒန္တတေဇဓမ္မာဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း

၅၄။ ဘဒ္ဒန္တသောဘိတ၊ မရမ်းချိုကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း

၅၅။ ဘဒ္ဒန္တကုမာရ၊ ဒက္ခိဏာရုံစာသင်တိုက်၊ ငပုတောမြို့၊ ဧရာဝတီတိုင်း

၅၆။ ဘဒ္ဒန္တဇောတိက၊ သိမ်ကုန်းကျောင်းတိုက်၊ ညောင်ပင်ဂရက်ရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၅၇။ ဒေါ်ဓမ္မနန္ဒီ၊ ရောင်ခြည်ဦးထေရဝါဒသီလရှင်စာသင်တိုက်၊ မရှိကထောင်ရပ်၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၅၈။ ဒေါ်သီတဝရဉာဏီ၊ မော်လမြိုင်သီလရှင်စာသင်တိုက်၊ ဇမြို့ချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၅၉။ ဒေါ်အဋ္ဌန၊ သဒ္ဓမ္မရံသီ သီလရှင်ကျောင်းတိုက်၊မုံရွာမြို့၊စစ်ကိုင်းတိုင်း

၆၀။ ဒေါ်ဓမ္မစာရီ၊ ရတနာမာန်အောင်သီလရှင်စာသင်တိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း

၆၁။ ဒေါ်ကုလာစာရီ၊ အမ္ဗာရာမသီလရှင်စာသင်တိုက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၆၂။ ဒေါ်ခေမသိ၊ စိတ္တပါလဂူကျောင်းတိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တလာသန၊ သီတဂူပရိယတ္တိစာသင်တိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၂။ ဘဒ္ဒန္တအာဒိစ္စ၊ ကျောင်းကြီးကျောင်းတိုက်၊ ပုလောမြို့၊တနင်္သာရီတိုင်း

၃။ ဘဒ္ဒန္တဓမ္မဝံသ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၄။ ဘဒ္ဒန္တသုမန၊ ဒက္ခိဏသာခါရာမကျောင်းတိုက်၊ ဥသာမြို့သစ်၊ပဲခူးမြို့၊ ပဲခူးတိုင်း

၅။ ဘဒ္ဒန္တသိစိတ္တ၊ မဟာဂန္ဓာရုံပရိယတ္တိစာသင်တိုက်၊ အေးမြသာယာမြို့သစ်၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၆။ ဘဒ္ဒန္တဝိလာသ၊ ခေမာသိဝံစာသင်တိုက်၊ဂန့်ဂေါမြို့၊မကွေးတိုင်း

၇။ ဘဒ္ဒန္တကောဏ္ဍည၊ ဓမ္မပါလအုတ်ကျောင်း၊ ဒါးရဲကောင်းရွာ၊ မြစ်သားမြို့နယ်၊မန္တလေးတိုင်း

၈။ ဘဒ္ဒန္တဝါယမ၊ သာသနဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း

၉။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ပရိယတ္တိဇေယျာသီရိကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း

၁၀။ ဘဒ္ဒန္တကဝိသာရ၊ ဘုရားကြီးပရိယတ္တိစာသင်တိုက်၊ လှိုင်းတက်စံပြကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း

၁၁။ ဘဒ္ဒန္တအဂ္ဂိရဉာဏ၊ မြို့လယ်ရွှေစည်းခုံစာသင်တိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း

၁၂။ ဘဒ္ဒန္တဥန္နောဘာသ၊ တောင်စွန်းပရိယတ္တိစာသင်တိုက်၊ အစင်ကျေးရွာ၊ ရေးမြို့၊မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တပညာဘောဂ၊ ပညာဗိမာန်ပရိယတ္တိစာသင်တိုက်၊ ရွာသစ်ရပ်၊ မြေပုံမြို့၊ ရခိုင်ပြည်နယ်

၁၄။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း

၁၅။ ဘဒ္ဒန္တဝဏ္ဏ၊ ဓမ္မသိပ္ပံစာသင်တိုက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်း

၁၆။ ဘဒ္ဒန္တခမာလင်္ကာရ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်း

၁၇။ ဘဒ္ဒန္တကဝိန္ဒာစာရ၊မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်း

၁၈။ ဘဒ္ဒန္တသြဘာသ၊ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း

၁၉။ ဘဒ္ဒန္တဇဝန၊ သိမ်တောင်ကျောင်းတိုက်၊ ကလောမြို့၊ ရှမ်းပြည်နယ်

၂၀။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ ကန်ထောင့်ကျောင်းတိုက်၊ပင်းတယမြို့၊ရှမ်းပြည်နယ်

၂၁။ ဘဒ္ဒန္တဇာဂရ၊ ပုညကာရီကျောင်းတိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း

သီလရှင်ဆရာကြီးများ

၂၂။ ဒေါ်သီလစာရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းတိုက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၂၃။ ဒေါ်ထေရီ၊ သာသနာ့ရောင်ခြည်မြတ်ပါရမီသီလရှင်စာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၂၄။ ဒေါ်ကဉ္စနထေရီ၊ သမိဒ္ဓေါဒယဓမ္မဇောတိကာရုံသီလရှင်စာသင်တိုက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း

၂၅။ ဒေါ်သိင်္ဂဝတီ၊ သိရိစန္ဒာရုံစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း

၂၆။ ဒေါ်နန္ဒာသီရိ၊ ပြည်ဇချောင်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၂၇။ ဒေါ်နိမလဉာဏီ၊ ဇိနောဒယသီလရှင် စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၂၈။ ဒေါ်ပညာမေဓီ၊ ပညာရာမိကပရိယတ္တိစာသင်တိုက်၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း

၂၉။ ဒေါ်တိရဏာဉာဏီ၊ ပါရမီသီလရှင် စာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း

၃၀။ ဒေါ်ဆေကဝတီ၊ ချမ်းမြေ့ဂုဏ်ဝေသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၁။ ဒေါ်စန္ဒသိင်္ဂီ၊ သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၂။ ဘဒ္ဒန္တနရိန္ဒာဘိဝံသ၊ ဘုရားဖြူကျောင်းတိုက်၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း

၃။ ဘဒ္ဒန္တသြသဓာဘိဝံသ၊ ပုဏ္ဏာမာရာမဈေးကျောင်းတိုက်၊ အမှတ်(၄) ရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်း

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကဝိဓဇ၊ ရွာလယ်ကျောင်းကြီးစာသင်တိုက်၊ ကြခတ်ချောင်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဇောတိပါလ၊ ကိုးနဝင်းကျောင်း၊ ဇောတိရတနာစာသင်တိုက် မြဝတီမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဂါရဝ၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၄။ ဘဒ္ဒန္တမာဃဝံသ၊ ခရေပင်ကျောင်းတိုက်၊ မဟာဗန္ဓုလရပ်ကွက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တတေဇောဘာသာဘိဝံသ၊ စမ္ပာယ်ရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မင်းတန်းရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တကောဝိဒ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန် ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၇။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ပခုက္ကူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မြောက်ရွာရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း

၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ နန္ဒသိရီကျောင်းတိုက်၊ မင်းရပ်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း

၉။ ဘဒ္ဒန္တဓမ္မသာရ၊ ရွှေတိဂုံလေးဘုရားကျောင်း၊ ကျိုက်ပဒိုင်ရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်း

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝေဠုဝန်စာသင်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)

၁၁။ ဘဒ္ဒန္တကောဝိဒ၊ သီတာရုံကျောင်းတိုက်၊ ရွာဘဲနယ်မြေ၊ ရွှေဟင်္သာရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၁၂။ ဘဒ္ဒန္တဝိစိတ္တ၊ ပုဏ္ဏဝတီကျောင်းတိုက်၊ တောင်ပြင်(၁)၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း

၁၃။ ဘဒ္ဒန္တသိရိန္ဒ၊ လယ်ဝန်ကျောင်းတိုက်၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

၁၄။ ဘဒ္ဒန္တစန္ဒိမာ၊ ပိဋကတ်တော်ပြန့်ပွားရေးကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိ အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၁၅။ ဘဒ္ဒန္တပညာသာရ၊ သာသနဇောတိကာရုံအုဋ်ကျောင်း၊ သာသနဇောတိကာရုံစာသင်တိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း

၁၆။ ဘဒ္ဒန္တတေဇနိယ၊ ချမ်းသာကြီးကျောင်းတိုက်၊ သံအရှေ့ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း

၁၇။ ဘဒ္ဒန္တဝိစာရိန္ဒ၊ ဟင်္သာတကျောင်းတိုက်၊ မင်းလှကျေးရွာ၊ သာစည်မြို့၊ မန္တလေးတိုင်း

၁၈။ ဘဒ္ဒန္တတေဇနိယ၊ ခေမာသိဝံကျောင်းတိုက်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် မိုးကုတ်ဓမ္မရိပ်သာ၊ နေပြည်တော် ပျဉ်းမနားမြို့၊ မန္တလေးတိုင်း

၁၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ သာသနောဒယကျောင်း၊ အဘယာရာမ ရွှေဂူတိုက်၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၂၀။ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ရတနာဗိမာန်စာချကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၂၁။ ဘဒ္ဒန္တမဟိန္ဒ၊ မဟာဂန္ဓာရုံတိုက်သစ်၊ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

၂၂။ ဘဒ္ဒန္တဓမ္မပါလာဘိဝံသ၊ ရတနာရုံသီမဟာရွှေစေတီစာသင်တိုက်၊ ကြက်မင်းတွန်ရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း

၂၃။ ဘဒ္ဒန္တလာဘ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း

၂၄။ ဘဒ္ဒန္တခေမိန္ဒ၊ သဒ္ဓမ္မရောင်ရှိန်ပရိယတ္တိစာသင်တိုက်၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်

၂၅။ ဘဒ္ဒန္တပညာသာမိ၊ သုခိတာရာမကျောင်းတိုက်၊ စစ်တောကျေးရွာ၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်

၂၆။ ဘဒ္ဒန္တကဝိန္ဒ၊ ရွှေပြည်သစ်ကျောင်း၊ ရွှေပြည်သစ်ကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်

၂၇။ ဘဒ္ဒန္တစတိလ၊ အောင်စေတီသာသနာ့ဗိမာန်၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၂၈။ ဘဒ္ဒန္တဉာဏဝံသ (ပြည်)၊ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ ဗောဓိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း

၂၉။ ဘဒ္ဒန္တဝါယမ၊ ရွှေဘုန်းပွင့်ကျောင်းတိုက်၊ ရွှေဘုံသာတိုက်ကျောင်း၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း

၃၀။ ဘဒ္ဒန္တဇိနောဒယ၊ တိုင်တစ်ရာအရှေ့ကျောင်းကြီး၊ အမှတ်(၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၃၁။ ဘဒ္ဒန္တကဝိဓဇ၊ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပြည်လမ်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်း

၃၂။ ဘဒ္ဒန္တဓမ္မာလင်္ကာရ၊ နိဗ္ဗာန်ဆိပ်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း

၃၃။ ဘဒ္ဒန္တဝိမလ၊ ဝိမလာရာမနတ်သွန်းပရိယတ္တိစာသင်တိုက်၊ ၃လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၄။ ဘဒ္ဒန္တတေဇဝန္တ၊ ပုဗ္ဗာရုံကျောင်းတိုက်၊ ဟော်နန်းရပ်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၃၅။ ဘဒ္ဒန္တအာဇေယျ၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ မြန်မာလေးရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)

၃၆။ ဘဒ္ဒန္တသူရိယ၊ သာသနဓဇအောင်မြေသိပ္ပံကျောင်းတိုက်၊ ရန်မနိုင်ကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း

၃၇။ ဘဒ္ဒန္တစိန္တိတ၊ မြို့မောင်းတောင်ကျောင်း၊ ဆန်တန်းရပ်၊ ဇလွန်မြို့၊ ဧရာဝတီတိုင်း

၃၈။ ဘဒ္ဒန္တစိန္တိတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ မြို့မ(၉)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၃၉။ Ben. Saly Kantasilo၊ဒုတိယသံဃရာဇာဆရာတော်ကြီး၊ Watpa Nahkunnoi Temple၊ ဗီယင်ကျန်းမြို့၊ လာအိုနိုင်ငံ

၄၀။ ဘဒ္ဒန္တသုဘန (စူစန်းလီ)၊ မြောက်မင်စီသာသနာပြုကျောင်း မယ်ဆိုင်မြို့ ထိုင်းနိုင်ငံ

(ဆက်လက်ဖော်ပြပါမည်)

ရာသက်ပန်ဆွမ်း ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန်ကျမ်းပြုဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုသင်တန်းနည်းပြ ဆရာတော်ကြီးများအား ရာသက်ပန်ဆွမ်းဆက်ကပ် လှူဒါန်းနိုင်ရန်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းနိုင်ရာ သံဃာတော်တစ်ပါး တစ်နေ့စာ (အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်)အတွက် ငွေကျပ် ၂၂၀၀နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်သည်။

ငွေပဒေသာပင် ကျပ် ၁၀၀၀၀နှင့် ငွေကျပ် ၁၀၀၀၀၀စိုက်ထူလှူဒါန်းပါက အတိုးအညွန့်ဖြင့် ဆွမ်းဆက်ကပ်နိုင်မည်ဖြစ်သည်။ ကုသိုလ်ရှင်များ လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန ဖုန်း–၆၆၀၇၉၉၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမြို့နယ်အသင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

ဖြူးမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀)ပြည့်နှစ် သတ္တမအကြိမ်မြတ်ဆရာပူဇော်ပွဲသို့ ဖြူးမြို့နယ်အသင်း (ရန်ကုန်) အစီအစဉ်ဖြင့် ဇန်နဝါရီ ၂၀ (စနေနေ့) နံနက်၄နာရီတွင် ရန်ကုန်မြို့လမ်းမတော်နှင့် ကျုံးကြီးလမ်းထောင့်မှ ထွက်ခွာမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ဖြူးမြို့နယ်သူ/သားများသည် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဦးဂုဏ်ရင် ဖုန်း–၀၉၅၁၄၈၈၅၃၊ ဦးမြဦး ဖုန်း–၆၆၀၁၃၁၊ ကိုမြဦး ဖုန်း–၂၂၉၉၄၅တို့ထံဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။(က–ပ)

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၂/၂၀၀၇
၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်-

သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

၁။ လေ ၂၂၇၂ ဗိုလ်မှူးသန့်ဇော်လင်း အမှတ်(၃၁)ကြားဖြတ်တိုက်ခိုက်ရေးအုပ်
၂။ ကြည်း ၄၁၂၁၉ ဗိုလ်ဇင်ကိုဖုန်း အမှတ်(၅၆၇) ခြေမြန်တပ်ရင်း
၃။ အမှတ်-၆၈၆၀၉၅ တပ်ကြပ်ကြီးလှဝင်း အမှတ်(၅၆၇) ခြေမြန်တပ်ရင်း
၄။ အမှတ်-၈၃၂၅၆၄ တပ်ကြပ်နိုင်မင်းအောင် အမှတ်(၅၆၇) ခြေမြန်တပ်ရင်း
၅။ အမှတ်-တ/၁၅၂၂၁၅ ဒုတိယတပ်ကြပ်ကျော်စိုးလင်း အမှတ်(၅၆၇) ခြေမြန်တပ်ရင်း

သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးအောင်မြင့် အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးလှမြင့်ဦး အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးမောင်မောင်လတ် ဂီတနှင့် စာပေပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန
၂။ ဝဏ္ဏကျော်ထင်ဦးစိန်မြမောင် ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန
၃။ ဦးစိန်လှမြိုင် ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန
၄။ ဒေါ်တင်တင်မြ ဂီတပညာရှင်၊ ပြန်ကြားရေးဝန်ကြီးဌာန
၅။ ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ) အငြိမ်းစား၊ မြန်မာစာပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန
၆။ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်) အငြိမ်းစား၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း
၇။ ဒေါက်တာကျော်စိန် အငြိမ်းစားဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
၈။ ဦးတင်ခ (တက္ကသိုလ်တင်ခ) အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန
၉။ ဦးညွန့်ဝင်း ရုပ်ရှင်သရုပ်ဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန
၁၀။ ဦးကြည်စိုးထွန်း ရုပ်ရှင်ဒါရိုက်တာ၊ ပြန်ကြားရေးဝန်ကြီးဌာန
၁၁။ ဦးငြိမ်းမင်း(ခ) ဦးမျိုးအောင် ဇာတ်ညွှန်းနှင့် ရုပ်ရှင်ဒါရိုက်တာ၊ ပြန်ကြားရေးဝန်ကြီးဌာန

နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ လေ ၁၉၈၆၊ ဗိုလ်မှူးမျိုးအောင်လတ် စစ်ဦးစီးမှူး (ဒုတိယတန်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာန

နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးသာစိန် ကျွမ်းကျင်သူ၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးမြင့်ရွှေ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၂။ ဦးကျော်သိန်း မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၃။ ဦးရွှေမန်း တောင်သူ၊ ကျူတောဝကျေးရွာ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း

စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ရေ ၃၃၉၈ ဒုတိယဗိုလ်မှူးကြီးသန့်စင်လေး စက်ရုံမှူး၊ (ရေကြောင်းသုံး အင်ဂျင်နီယာဌာနစု)၊ ထုတ်လုပ်ရေးဌာန၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၂။ ရေ ၃၄၂၀ ဗိုလ်မှူးခင်မောင်ထွေး ယာယီကျောင်းအုပ်(ရေတပ်စက်မှုလက်မှု အတတ်သင်ကျောင်း)၊ ရေတပ်ပင်မလက်နက်ခဲယမ်းတပ်၊ ကာကွယ်ရေး ဝန်ကြီးဌာန
၃။ ရေ ၃၅၅၇ ဗိုလ်မှူးဇော်ဝင်း ဌာနခွဲမှူး(ရေတပ်တည်ဆောက်ရေးဌာနခွဲ)၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန

စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ကြည်း ၂၀၈၅၁ ဗိုလ်မှူးစိုးမင်းဆွေ ယာယီဌာနမှူး (ပြင်ဆင်ထိန်းသိမ်း ရေးဌာန)၊ အမှတ်(၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန
၂။ ကြည်း ၂၂၇၇၀ ဗိုလ်မှူးညီညီအောင် ဌာနခွဲမှူး(ပြင်ဆင်ထိန်းသိမ်းရေး ဌာန)၊ အမှတ်(၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ကာကွယ်ရေးဝန်ကြီးဌာန
၃။ ကြည်း ၂၄၈၈၇ ဗိုလ်မှူးကျော်စန်းလွင် ဌာနခွဲမှူး(အရည်အသွေး ထိန်းသိမ်း ရေးဌာန)၊အမှတ်(၄)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ကာကွယ်ရေးဝန်ကြီးဌာန
၄။ ကိုယ်ပိုင်အမှတ်-၃၃၁၅၆၄ အရာခံဗိုလ်အုန်းသိန်း တာဝန်ခံ (စက်ပစ္စည်း ပြုပြင်ခြင်းကြံ့ခိုင်မှုပြုလုပ်ခြင်း)၊ ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ကာကွယ်ရေး ဝန်ကြီးဌာန
၅။ ကိုယ်ပိုင်အမှတ်-၅၈၆၀၅၄ ဒုအရာခံဗိုလ်မျိုးခိုင် စက်ပြင်တာဝန်ခံ (ဟိုက်ဒရောလစ် လေအားပြင်ဆင်ရေးဌာနခွဲ)၊ အမှတ်(၄)ကာကွယ်ရေး ပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန
၆။ ကိုယ်ပိုင်အမှတ်-ရေ ၁၂၇၂၀ အရာခံဗိုလ်သန်းထွန်း စက်ရုံတာဝန်ခံ ပြုပြင်ရေးတပ်ဖွဲ့၊ ရေတပ်ပင်မလက်နက်ခဲယမ်းတပ်၊ ကာကွယ်ရေးဝန်ကြီး ဌာန
၇။ ဦးကျော် လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၈။ ဦးကိုဦး စက်မှုသုတေသန(အကြံပေး)၊စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၉။ ဦးကျော်မင်းအောင် မန်နေဂျာ၊ အမှတ်(၂) လယ်ယာသုံးပစ္စည်းထုတ်လုပ်မှု စက်ရုံ(မလွန်)၊မြန်မာ့လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊အမှတ်(၂) စက်မှုဝန်ကြီးဌာန
၁၀။ ဦးမြင့်သန်း တွင်ခုံကျွမ်းကျင်(၁၀)၊ ကြိတ်ခွဲထုတ်လုပ်ရေးဌာန၊ အင်ဂျင် နီယာဌာနခွဲ၊ မြန်မာ့လယ်ယာထုတ်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၁၁။ ဒေါ်ဝင်းမော်ထွန်း လုပ်ငန်းရှင်၊ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၊ ရေနံချောင်း စက်မှုဇုန်၊ ရေနံချောင်းမြို့၊ သမဝါယမဝန်ကြီးဌာန
၁၂။ ဦးမြင့်အောင်ညို ဒုတိယအင်ဂျင်နီယာချုပ်၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၁၃။ ဦးမျိုးမြင့် လက်ထောက်အမှုဆောင်၊ အင်ဂျင်နီယာ(စက်မှု)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖူးကြီးပင်မပိုက်လိုင်းစခန်း၊ ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန
၁၄။ ဦးမောင်မောင် စက်ရုံမှူး၊ သံရည်ကျိုစက်ရုံ၊ မုံရွာစက်မှုဇုန်၊ စစ်ကိုင်းတိုင်း

စီမံထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးကျော်ဇံလှ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့
၂။ ကြည်း ၁၁၄၂၉၊ ဗိုလ်ချုပ်သိန်းထွန်း ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၃။ ကြည်း ၁၃၀၁၂၊ ဗိုလ်ချုပ်တင်ထွန်း ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၄။ ကြည်း ၁၂၄၃၂၊ ဗိုလ်မှူးချုပ်ကျော်စွာခိုင် ဒုတိယကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်၊ တပ်မတော်အကြီးစားစက်မှုလုပ်ငန်း၊ ကာကွယ် ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၅။ ကြည်း ၁၅၄၂၄၊ ဗိုလ်မှူးကြီးသက်စိုး တပ်မှူး၊ အမှတ်(၃) ဆောက်လုပ်ရေး၊ အင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဦးမြင့်သိန်း ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၇။ ဦးရှုကြိမ် ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၈။ ဦးဝင်းမြင့် သံအမတ်ကြီး၊ မြန်မာသံရုံး၊ စင်ကာပူမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန
၉။ ဦးထိန်ဝင်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘရာဇီးလျားမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန
၁၀။ ဦးရဲဝင်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန
၁၁။ ဦးခင်ဇော်ဝင်း သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဂျာကာတာမြို့၊ နိုင်ငံခြားရေး ဝန်ကြီးဌာန
၁၂။ ဦးမျိုးလွင် သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၁၃။ ဦးဖေသန်းဦး ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီး ဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၁၄။ ဦးသန်းထွန်း ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၁၅။ ဦးသန်းမြင့် ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာန
၁၆။ ဦးသိန်းဆွေ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
၁၇။ ဦးတင်ထွေး ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးမြသိမ်း ညွှန်ကြားရေးမှူး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ တရားရုံးချုပ်၊ (နေပြည်တော်)
၂။ ဦးစိုးသိန်း ညွှန်ကြားရေးမှူး (တရားစီရင်ရေးလုပ်ငန်းတာဝန်)၊ တရားမ တရားစီရင်ရေးဌာန၊ တရားရုံးချုပ်(ရန်ကုန်)
၃။ ဦးတင်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)
၄။ ဦးထွဏ်းကြည် ညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့
၅။ ဦးစိန်လှိုင် ဒုတိယပါမောက္ခချုပ် ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
၆။ ဦးငွေမြင့် ဒုတိယပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာ ပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
၇။ ကြည်း ၁၄၆၉၈ ဒုတိယဗိုလ်မှူးကြီးစိန်ထွန်းအောင် တပ်ရင်းမှူး၊ အမှတ်(၂၁၂) ဆက်သွယ်ရေးတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန
၈။ ကြည်း ၁၈၈၀၀ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန
၉။ ကြည်း ၂၁၄၈၆ ဗိုလ်မှူးတင်ဦး တပ်ခွဲမှူး၊ အမှတ်(၃) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ကြည်း ၂၁၄၉၇ ဗိုလ်မှူးကျော်လင်း တပ်ခွဲမှူး၊ အမှတ်(၁) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ဦးလှမြင့်ဆွေ ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၂။ ဦးထွန်းမြင့်နိုင် အုပ်ချုပ်မှုဒါရိုက်တာ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်
၁၃။ ဦးတေဇ မန်နေဂျင်းဒါရိုက်တာ၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်
၁၄။ ဦးချစ်ခိုင် မန်နေဂျင်းဒါရိုက်တာ၊ အေဒင်အုပ်စုကုမ္ပဏီလီမိတက်
၁၅။ ဒေါက်တာအောင်ကျော်စိုး စက်ရုံမှူး၊ ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင် စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန
၁၆။ ဦးလှသောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
၁၇။ ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
၁၈။ ဦးဝင်းအောင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
၁၉။ ဦးစိုးသိန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
၂၀။ ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၁။ ဦးစိုးဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊သံတမန်ရေးရာဦးစီးဌာန၊နိုင်ငံခြားရေး ဝန်ကြီးဌာန
၂၂။ ဒေါ်သန်းသန်းငွေ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၃။ ဦးလှမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၄။ ဦးပေါ်လွှင်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန
၂၅။ ဦးမန်းရွှေ အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၂၆။ ဦးရန်နိုင် အထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
၂၇။ ဦးသောင်ဇင် (မ ၀၀၂၁) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၂၈။ ဒေါက်တာအေးသီတာ သုတေသနမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
၂၉။ ဒေါက်တာဒေါ်သိန်း အကြံပေးပုဂ္ဂိုလ်၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
၃၀။ ဒေါက်တာလဲ့လဲ့ဦး ဒုတိယညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၃၁။ ဒေါက်တာသန့်ဇင်ဦး ဒုတိယညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးအလုံးမောင် ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)
၂။ ကြည်း ၁၆၇၅၅၊ ဒုတိယဗိုလ်မှူးကြီးရှုစ်ကြူး တပ်ရင်းမှူး၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၃။ ကြည်း ၂၀၈၆၄၊ ဗိုလ်မှူးထွန်းနေဝင်း တပ်ခွဲမှူး၊ အမှတ်(၂) အဆင့်မြင့် ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန
၄။ ကြည်း ၂၂၇၅၁၊ ဗိုလ်မှူးစိုးအောင်ကြည် တပ်ခွဲမှူး၊ အမှတ်(၂) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန
၅။ ကြည်း ၃၂၃၅၇၊ ဗိုလ်ကြီးနိုင်မိုး လက်ထောက်စစ်မြို့နယ်အင်ဂျင်နီယာ၊ အမှတ်(၉၄၇) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၊ ကာကွယ်ရေးဝန်ကြီး ဌာန
၆။ ကြည်း ၃၂၃၉၆၊ ဗိုလ်ကြီးအောင်မင်းသူ တပ်စုမှူး၊ အမှတ်(၃)ဆောက် လုပ်ရေးအင်ဂျင်နီယာတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
၇။ ပါမောက္ခဦးမြင့်စံ ဌာနမှူး၊ ပန်းပုပညာဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၈။ ဦးကျော်ကျော်လွင် လက်ထောက်နည်းပြ၊ ပန်းချီပန်းပုကျောင်း၊ ယဉ်ကျေးမှု တက္ကသိုလ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၉။ ဦးဝင်းမောင် အဖွဲ့ခေါင်းဆောင်၊ ကြေးသွန်းပညာရှင်အဖွဲ့
၁၀။ ဦးစိုးမြင့် ဥက္ကဋ္ဌ၊ ယူအက်စ်အမ်ကုမ္ပဏီ
၁၁။ ဦးသာငွေး ဥက္ကဋ္ဌ၊ အောရီဂျင်နယ်ဂရု(ဖ်) ကုမ္ပဏီလီမိတက်
၁၂။ ဦးခင်မောင်အေး အုပ်ချုပ်မှုဒါရိုက်တာ၊ ကေဆောက်လုပ်ရေး ကုမ္ပဏီ
၁၃။ ဦးထွန်းထွန်းလွင် အုပ်ချုပ်မှုဒါရိုက်တာ၊ တစ်ကောင်ဘွားကုမ္ပဏီလီမိတက်
၁၄။ ဦးတိုးအောင်ချို ဥက္ကဋ္ဌ၊ ဆောင်းဟေမာန်ကုမ္ပဏီလီမိတက်
၁၅။ ဦးမြင့်သိန်း ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
၁၆။ ဦးဘုန်းတင် လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၁၇။ ဦးအောင်ကျော်ကျော် လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီး ဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၁၈။ ဦးလှမင်း ဒုတိယညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
၁၉။ ဦးခင်မောင်ဘ ညွှန်ကြားရေးမှူး(ရုံးအဖွဲ့မှူး)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

☆ **စာမျက်နှာ ၆ မှ**

၂၀။ ဒေါ်လှဲလှဲသိန်း ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၁။ ဒေါ်ဝင်းမြင့် ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၂၂။ ဒေါ်ညွန့်ညွန့်ရွှေ ညွှန်ကြားရေးမှူး၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၃။ ဒေါ်ဝင်းဝင်းတင် ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၂၄။ ဒေါ်မြတ်မြတ်စိုး ညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၅။ ဒေါ်မြသူဇာ ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂၆။ ဦးမြင့်လွင် တိုင်းမန်နေဂျာ(မကွေးတိုင်း)၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၇။ ဦးစံရွှေမောင် တိုင်းမန်နေဂျာ(မန္တလေးတိုင်း)၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၈။ ဦးစိုးလွင် မြို့နယ်မန်နေဂျာ(မြင်းခြံမြို့)မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၉။ ဦးမောင်မောင်အေး ညွှန်ကြားရေးမှူး၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၃၀။ ဦးတင့်သွင် ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃၁။ ဦးကျော်စိုးလင်း ညွှန်ကြားရေးမှူး၊ သွင်းကုန်လုပ်ငန်းဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃၂။ ဦးအောင်စိုးသိန်း ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၃၃။ ဦးအောင်မြိုင် ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၃၄။ ဒေါ်မြင့်မြင့်ကြည် ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၃၅။ ဒေါ်ခင်စောဦး ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၃၆။ ဒေါ်မြင့်မြင့်သန်း လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

၃၇။ ဦးကျော်သက် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မအီ-ကျောက်ဖြူလမ်းစီမံကိန်းအထူးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၃၈။ ဦးကျော်သီဟ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မအီ-ကျောက်ဖြူလမ်းစီမံကိန်းအထူးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၃၉။ ဦးကိုကိုအောင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မအီ-ကျောက်ဖြူလမ်း စီမံကိန်းအထူးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၄၀။ ဦးထွန်းနိုင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ ဝန်ဖိုက်ချောင်းတံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၄၁။ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း ဥက္ကဋ္ဌ၊ ရေနံချောင်းစက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မကွေးမြို့၊ သမဝါယမဝန်ကြီးဌာန

၄၂။ ဦးဝင်းလွင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ သစ်တောရေးရာဝန်ကြီးဌာန

၄၃။ ဦးဝင်းမောင် အထွေထွေမန်နေဂျာ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၄၄။ ဦးမျိုးထွန်းဇော် မန်နေဂျာ၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၄၅။ ဦးကျော်လွင် လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၄၆။ ဦးကံမြင့် လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

၄၇။ ဦးကျော်မျိုးဝင်း လက်ထောက်ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၄၈။ ဦးစောဖေ အငယ်တန်းအင်ဂျင်နီယာ(၁)လွှန်တူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၄၉။ ဦးအောင်ကြင်စိန် အငယ်တန်းအင်ဂျင်နီယာ(၁)လွှန်တူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန

၅၀။ လ ၁၁၃၀၃၉၊ ဒုတိယရဲမှူး ဒေါင်းဇေါ်လ် ကြီးကြပ်သူအရာရှိ၊ မြစ်ကြီးနားမူးယစ်(အထူး)အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၁။ ဦးပေါ်ကြွယ် (ပ/၃၃၈၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၂။ ဦးကျော်စွာ (ပ/၃၂၃၈) မြို့နယ်အုပ်ချုပ်ရေးမှူး၊ စဥ့်ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၃။ ဦးသိန်းဝင်း(ပ/၃၇၂၇) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မိုင်းပျဉ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၄။ ဦးမျိုးမင်းဇော် (ပ/၄၅၂၃) ဒုတိယဦးစီးမှူး၊ မိုင်းပျဉ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၅။ ဦးမြင့်အောင် (ပ/၂၉၉၁) လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၆။ ဦးအောင်မွန်လတ် (ပ/၄၂၃၉) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘုတလင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၇။ ဦးစိုးလှိုင် (ပ/၃၆၄၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၈။ ဒေါ်ခင်ဝင်းကြည် ဦးစီးအရာရှိ (တိုင်း)၊ စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၅၉။ ဦးသန်းရွှေ (ပ/၃၉၄၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၀။ ဦးမျိုးသန်း (ပ/၄၀၄၈) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၁။ ဦးချစ်ကိုကို (ပ/၃၅၇၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၂။ ဦးခင်သိန်းမောင် (ပ/၃၇၇၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၃။ ဦးမြတ်ကျော် (ပ/၃၈၅၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၄။ ဦးငွေဝင်း (ပ/၃၆၄၈)မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၅။ ဦးမျိုးနိုင် (ပ/၃၇၅၆) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၆။ ဦးဝင်းမြင့် (ပ/၃၄၉၈)မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘိုကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၇။ ဦးဆန်းဗိုလ် (ပ/၄၄၃၉)မြို့နယ်ဒုတိယဦးစီးမှူး၊ လပွတ္တာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၈။ ဦးအောင်မြတ်ခိုင် (ပ/၄၂၆၃)မြို့နယ်ဒုတိယဦးစီးမှူး၊ ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၆၉။ ဦးသိန်းဦး-၃ ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၇၀။ ဦးကံညွန့် ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၇၁။ ဦးအောင်သွင် ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၇၂။ ဦးသိန်းဟန် ကျွမ်းကျင်သူ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန

၇၃။ ဦးကျော်သန်းထွန်း လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန။

၇၄။ ဦးအေးလွင် ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၇၅။ ဦးမြင့်စိုး ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၇၆။ ဦးသန်းကျော်ထူး ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၇၇။ ဦးမျိုးအောင် ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၇၈။ ဦးခန့်ဇော် ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ)၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၇၉။ ဦးတင်ဝင်း ညွှန်ကြားရေးမှူး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၈၀။ ဒေါ်နုနုရီ ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၈၁။ ဦးလှမြင့်သိန်း ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၈၂။ ဦးသိန်းအောင် ညွှန်ကြားရေးမှူး၊ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၈၃။ ဦးအောင်ကိန်း ပါမောက္ခ(ဂီတ)၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၈၄။ ဦးအောင်ကြည်မြင့် ဌာနမှူး (သင်တန်းရေးရာ)၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၈၅။ ဦးကျော်ဦး ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၈၆။ ဦးစိုးအောင် ဒုတိယညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၈၇။ ဦးအေးမောင် ညွှန်ကြားရေးမှူး၊ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၈၈။ ဦးကျော်ကျော် ဒုတိယညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဌာနခွဲ (အထက်မြန်မာပြည်)၊ယဉ်ကျေးမှုဝန်ကြီးဌာန

၈၉။ ဦးခမ်းအောင် လက်ထောက်အထွေထွေမန်နေဂျာ၊ (ရုံးချုပ်)အခြေစိုက်ပြည်ပစာပို့လုပ်ငန်းစခန်း၊ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

၉၀။ ဦးဇော်မင်း(မ၀၀၄၂) ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၉၁။ ဦးမောင်ပီ(မ၀၀၄၃) ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၉၂။ ဦးကျော်သူရ(မ၀၀၄၄) ညွှန်ကြားရေးမှူး၊မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၉၃။ ဦးကြည်မြင့်(မ၀၂၀၅)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၉၄။ ဒေါက်တာသန်းရွှေ အထွေထွေမန်နေဂျာ၊မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၉၅။ ဒေါ်ခင်ခင်ငြိမ်း အကြံပေးအရာရှိ၊မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၉၆။ ဒေါက်တာအောင်ကြီး ညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၉၇။ ဒေါက်တာကျော်ဆန်း ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၉၈။ ဒေါက်တာအုန်းကျော် ဒုတိယညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၉၉။ ဒေါက်တာရဲမြင့် ဒုတိယညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၁၀၀။ ဒေါက်တာဘသိန်း ဒုတိယညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၁၀၁။ ဒေါက်တာဟွတ်ချန် ဒုတိယညွှန်ကြားရေးမှူး၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၁၀၂။ ဒေါက်တာဒေါ်အမာ လက်ထောက်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၁၀၃။ ဦးခင်မောင်ဦး အမှုဆောင်အင်ဂျင်နီယာ(ခ)(စက်မှု)၊မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၁၀၄။ ဦးမြင့်ဦး အမှုဆောင်အင်ဂျင်နီယာ(ခ)(တူးဖော်ရေး)၊မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ဒဟတ်ပင်ရေနံအစမ်းတွင်းစခန်း မကွေးတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန

၁၀၅။ ဦးတင်မောင်ဆွေ ခေတ္တစက်ရုံမှူး၊ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ စွမ်းအင်ဝန်ကြီးဌာန

၁၀၆။ ဦးကျော်မြင့် သုတေသနမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၀၇။ ဒေါက်တာမိုးမင်းထွေး သုတေသနမှူး၊အဏုမြူစွမ်းအင်ဦးစီးဌာန၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၀၈။ ဒေါက်တာငွေဝင်းဦး သုတေသနမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၀၉။ ဒေါက်တာနန်းစိုး သုတေသနမှူး၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၁၀။ ဒေါက်တာစုစုကျော် လက်ထောက်သုတေသနအရာရှိ၊အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၁၁၁။ ဒေါက်တာခင်မျိုးဆက် လက်ထောက်သုတေသနအရာရှိ၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၁၂။ ဒေါက်တာဇော်ဝင်းထွန်း လက်ထောက်ဘူမိဗေဒအရာရှိ၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၁၃။ ဒေါ်လှဲယဉ်ဝင်း လက်ထောက်ကထိက၊ စက်မှုနည်းပညာ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၁၁၄။ ဦးဇော်ဝိတ် လက်ထောက်အင်ဂျင်နီယာချုပ်၊စီမံရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၁၅။ ဒေါက်တာကျော်ဆန်း သွားဘက်ဆိုင်ရာဆရာဝန်၊မြိတ်မြို့၊ ကျန်းမာရေးဝန်ကြီးဌာန

၁၁၆။ ဦးအောင်ခင်ဇံ ဒုတိယဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၁၇။ ဦးစိုးလွင် ဌာနခွဲမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၁၈။ ဦးနေဝင်း ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၁၁၉။ ဒုတိယဗိုလ်မှူးကြီးစိုးနိုင် ဥက္ကဋ္ဌ၊ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း

၁၂၀။ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း ဥက္ကဋ္ဌ၊ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း

၁၂၁။ ဒုတိယဗိုလ်မှူးကြီးအောင်အောင် ဥက္ကဋ္ဌ၊ ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း

၁၂၂။ ဗိုလ်ကြီးဝင်းနိုင် ဥက္ကဋ္ဌ၊ တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း

၁၂၃။ ဦးငြိမ်းအောင် စက်မှုဇုန်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၂၄။ ဦးလွင်မောင်မောင် အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၁၂၅။ ဦးမြသိန်း အရောင်းအဝယ် (စည်းရုံးရေးမှူး ရပ်ကွက်ပြည်ခိုင်ဖြိုး) အကွက်(၃၇၅)၊ လက်ပံရပ်၊ သန်လျက်မော် အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၁၂၆။ ဦးခင်မောင်ရင် ဥက္ကဋ္ဌ၊ သိုက်တူးကန်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း

၁၂၇။ ဦးကျော်မြင့် ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အမှတ်(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၁၂၈။ ဦးထွန်းလှရွှေ အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း

၁၂၉။ ကြည်း-၁၆၁၉၃၊ ဒုတိယဗိုလ်မှူးကြီးလှသွင် ဥက္ကဋ္ဌ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဧရာဝတီတိုင်း

၁၃၀။ ကြည်း-၁၄၃၀၂၊ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း ဥက္ကဋ္ဌ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဧရာဝတီတိုင်း

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီ
အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားအင်အား ခိုင်မာတောင့်တင်းရေးသည် ပဓာနအကျ

✳ လွတ်လပ်ရေးမှ

နိုင်ငံတော် အစွန့်ရှည်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်ခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့သည် ရေးပဝေသဏီကပင် အမိမြေပေါ်၌ ဥမကွဲ သိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းလမ်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် သမိုင်းမတင်မီကာလ နှစ်ပရိစ္ဆေဒများစွာကတည်းကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသော ပြည်ထောင်စုနိုင်ငံတော်ဖြစ်ကြောင်း တွေ့ရှိရပေမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းသည် တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖြစ်ပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်သည့်ကာလများတွင် နိုင်ငံတော်၏အင်အား ခိုင်မာတောင့်တင်းခဲ့သည်ကိုလည်း တွေ့ရှိရပေသည်။ ပုဂံခေတ်တွင် ပထမနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယနိုင်ငံတော်၊ ကုန်းဘောင်ခေတ်တွင် တတိယနိုင်ငံတော်များကို ထူထောင်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ခိုင်မာတောင့်တင်းသော စည်းလုံးညီညွတ်မှုစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများကို အထင်အရှား ပြသနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် ဒို့ပြည် ဒို့လူမျိုး ဒို့မင်း ဒို့အချုပ်အခြာအာဏာ ဒို့စာပေ ဒို့ယဉ်ကျေးမှု ဒို့ရိုးရာဓလေ့ဟူ၍ အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများဖြစ်ကြသည့်အပြင် လွတ်လပ်သောနိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ်ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိရှိကြသော လူမျိုးလည်းဖြစ်သည်။

၁၉ ရာစု နှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသည့်အတွက် ထီးကျိုးစည်ပေါက်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ ကိုယ့်ယဉ်ကျေးမှု ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားနိုင်သည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေး ဂုဏ်သိက္ခာအတွက် ဆတ်ဆတ်ထိမခံသည့်စိတ်ဓာတ် ဟူသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ပြည့်ဝသူများ ဖြစ်ကြသည်နှင့်အညီ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက်သွေး၊ချွေးတို့ဖြင့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

ယနေ့ခေတ်ကာလတွင် နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်ကျူးလွန်နေကြခြင်းသည် ခေတ်သစ်ကိုလိုနီစနစ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို ထိပါးခြင်းပင်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိမြင်နားလည်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြောင့် နိုင်ငံ့အင်အားတောင့်တင်း၍ ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို လည်းကောင်း၊ လွတ်လပ်ရေးရပြီးသည့်နောက် တိုင်းရင်းသားညီအစ်ကိုချင်း စိတ်ဝမ်းကွဲ၍ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲခြင်းကြောင့်နိုင်ငံ့အင်အားချည့်နဲ့ပြီး ပြည်သူတို့၏ လူနေမှုဘဝ နိမ့်ကျခဲ့ရသည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးဝါဒကို ချမှတ်ကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးကို တစ်မျိုးသားလုံး၏ ပန်းတိုင်အဖြစ် သတ်မှတ်ပြီး ရှေးရှုဆောင်ရွက်ချီတက်လျက်ရှိပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားအင်အား ခိုင်မာတောင့်တင်းရေးသည် ပဓာနအကျဆုံး လိုအပ်ချက်ဖြစ်သည့်အလျောက် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် ညှိနှိုင်းဆွေးနွေးကာ အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့သောကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီ ဖြစ်ပေသည်။ အချို့သော လက်နက်ကိုင် အဖွဲ့များမှာမူ လက်နက် နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီး အပြီးအပိုင် လက်နက်စွန့်လွှတ်နိုင်ခဲ့ကြပြီ ဖြစ်ပေသည်။ ယင်းလက်နက်ကိုင်အဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့ဒေသတွင်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများတွင်ပါ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပေပြီ။

နိုင်ငံတော် အစိုးရသည် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက် လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့သည့် နယ်စပ်ဒေသများတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ အသီးသီးမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်သည့်အလျောက် ဆည်များ၊ တာတမံများ များစွာ တည်ဆောက်ခြင်း၊ မြစ်ရေတင်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနည်းပညာများ ပံ့ပိုးပေးခြင်းများကြောင့် သီးနှံစိုက်စွမ်းအားတိုးပွားလာပြီး ဝမ်းစာဖူလုံ ပိုလျှံသည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို ဖြည့်ဆည်းပေးနေပြီဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေး ချောမွေ့ခြင်းသည် အဓိကကျသောကြောင့် ကျေးရွာချင်းဆက်၊ မြို့ချင်းဆက်လမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းကူးတံတားများ၊ ရထားလမ်းကူးတံတားများ၊ မြစ်ကူးချောင်းကူးတံတားကြီးများကို တည်ဆောက်ခြင်း၊ မီးရထားလမ်းများ တိုးချဲ့ခြင်း၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ လေယာဉ်ကွင်းကြီးများ အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း စသည့် လူမှုစီးပွားအခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် နေ့မအား ညမနား ဆောက်လုပ် ဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမကဘဲ ပြည်ထောင်စု တိုင်းရင်းသားတစ်ရပ်လုံး ချစ်ကြည်ရင်းနှီး ပေါင်းစည်းရေးဆိုင်ရာ လူမှုအဆောက်အအုံများ တည်ဆောက်နေခြင်းလည်း ဖြစ်ပေသည်။

ခေတ်မီနိုင်ငံတော် တည်ဆောက်ရာတွင် စက်မှုစွမ်းအားကို အခြေခံရမည်ဖြစ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများထူထောင်ရန် နိုင်ငံတော်က အားပေးလျက်ရှိပြီး စက်မှုဖွံ့ဖြိုးရေးအဆင့်ကို တက်လှမ်းလျက်ရှိသည်။ စက်မှုလုပ်ငန်းများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန် ၁၈ ဇုန် ဖွင့်လှစ်ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အားပေးလျက်ရှိပေသည်။

တိုးတက်လာသည့် စက်မှုလုပ်ငန်းများနှင့် လူမှုဘဝများမြင့်မားမှုကို အထောက်အကူပြုနိုင်ရန် လျှပ်စစ်စွမ်းအားကဏ္ဍကိုလည်း မြှင့်တင်လျက်ရှိပေသည်။

ဆက်သွယ်ရေးကဏ္ဍတွင်လည်း ခေတ်မီဆက်သွယ်ရေးစနစ်နှင့် နည်းပညာတိုးတက်မှုအသစ်များကို အသုံးပြုနိုင်ခြင်းကြောင့် နယ်စပ်အစွန်အဖျားဒေသများအပါအဝင် နိုင်ငံအဝန်းမှာ ဆက်သွယ်ရေးလုပ်ငန်းများ လွှမ်းခြုံနိုင်ပြီဖြစ်သည်။

သဘာဝအရင်းအမြစ်စွမ်းအင်ရတနာသိုက်များဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးကဏ္ဍကိုလည်း အောင်မြင်စွာ တိုးချဲ့ရှာဖွေပြီး စီးပွားဖြစ် မြှင့်တင်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့် သဘာဝအရင်းအမြစ်၏ ရတနာအသီးအပွင့်များကို မြန်မာပြည်သူများ စားသုံးနေကြရပြီဖြစ်ပေသည်။

နိုင်ငံတော်သစ်တည်ထောင်ရာတွင် တစ်မျိုးသားလုံး ပညာရည်အဆင့်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံလုံလောက်စွာ ရှိနေမှသာလျှင် နိုင်ငံတော်ကို အောင်မြင်စွာ တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မာစွာ ပေါ်ထွန်းစေရန် အသိပညာရှင်၊အတတ်ပညာရှင်များ ဒေသအလိုက် ဖြစ်ထွန်းလာစေရန်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ်အကြံအစည်အားထုတ်မှု၊ ဖန်တီးနိုင်မှု စသည့်အရည်အချင်းများဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍတွင် အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ အခြေခံကျောင်းပေါင်း ၄၀၅၄၈ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အဆင့်မြင့်ကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ကျောင်းရှိလာပြီဖြစ်သည်။ အခြေခံပညာသင် ကျောင်းသားဦးရေ ခုနစ်သန်းရှစ်သိန်းကျော်ရှိပြီး တက္ကသိုလ်ကျောင်းသားဦးရေမှာ ခုနစ်သိန်းကျော် ရှိနေပြီဖြစ်ပေသည်။ တက္ကသိုလ်များတွင် ပါရဂူသင်တန်းများအထိ သင်ကြားပို့ချကာ နိုင်ငံတကာ အဆင့်မီပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီဖြစ်သည်။ သင်ယူမှုအခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပညာရည်မြင့်မားလာခြင်း၊ ဘာသာရပ်များ ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဟူသော အကျိုးရလဒ်ကောင်းများကို ရရှိနေပြီ ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံများအဆင့်မြှင့်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ပညာသင်တက္ကသိုလ်၊ သူနာပြုတက္ကသိုက်၊ အခြေခံကျန်းမာရေးကတက္ကသိုလ် တိုင်းရင်းဆေးတက္ကသိုလ် စုစုပေါင်း ၁၆ ခု ဖွင့်လှစ်ကာ ဆေးဘက်ဆိုင်ရာပညာရှင်များစွာ မွေးထုတ်ပေးလျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ

စောင့်ရှောက်မှု မြင့်မားလာသည်နှင့်အမှ
တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစဉ်များ အပါအ
လုပ်ငန်းစဉ်ကို အလေးပေးဆောင်ရွက်

မြန်မာနိုင်ငံသည် လွတ်လပ်၍ တ
ဝါဒကို အစဉ်တစိုက် ကျင့်သုံးလျက်ရှိသည
ရေးရာများ၊ ကမ္ဘာ့ပြည်သူများ၏ အ
ငြိမ်းချမ်းသာယာရေး လုပ်ငန်းများတွ
လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ
လျက်ရှိပေသည်။ ငြိမ်းချမ်းစွာ အတူယှဉ်
အခြေခံကာ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးန
ရေးကိုလည်း အစဉ်ရှေးရှုလျက် ရှိ
များနှင့်လည်း အိမ်နီးချင်းကောင်းပီသမှ
ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍
ယှဉ်တွဲနေထိုင်သွားရန် အလေးပေး
ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိ
နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း
နှင့် မဟာမဲခေါင်ဒေသစသော ဒေသဆို
လည်းကောင်း တက်တက်ကြွကြွ ပါဝင်

နိုင်ငံတော်သစ် တည်ဆောက်ရေး
လူထုတစ်ရပ်လုံး အင်တိုက်အားတိုက်
ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့
ခိုင်မာသော အမျိုးသားရေးအင်အားစု
စည်းရုံးလေ့ကျင့်ပေးထားသော လူငယ်
ရေးဆိုင်ရာ လုပ်ငန်းရပ်များစွာကို
ဖြစ်ပေသည်။

ယင်းသို့ အဘက်ဘက်မှ အားသွန်
များသည် နိုင်ငံတော်သစ်အတွက် ခိုင်မ
ပန္နက်တင်နေခြင်းပင်ဖြစ်သည်။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတို
သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်
လမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလ
အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပေသည
အောင်မြင်ရေးအတွက် တိုင်းရင်းသ
ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တို
စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝ
ဖြစ်ပေသည်။

မိမိတို့၏ အမျိုးသားရေးရည်မှန်
အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတ
သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမ
ဟူသည့် ခိုင်ကျည်မြဲမြံသော သန္နိဋ္ဌာန်

(၁) **နိုင်ငံတော်၏ လွတ်လပ်ရေ**
တည်တံ့ခိုင်မြဲရေးအတွက် တို
အမြဲ လက်တွဲပူးပေါင်းကာ

(၂) **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်း**
မပြိုကွဲရေးတို့အတွက် တိုင်း
ထိန်းသိမ်းကာကွယ်ရေး၊

(၃) **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေ**
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
ကရေစီနိုင်ငံတော်သစ် တည်ဆ
သားအားလုံး တက်ညီလက်ည
ဆောင်ရွက်ရေး၊

(၄) **နိုင်ငံတော် ရှေ့ဆက်သွားမည**
အောင်မြင်ရေးအတွက် တိုင်
ထောင်စုစိတ်ဓာတ်၊ မျိုးချစ်
ပူးပေါင်းပါဝင်ဆောင်ရွက်ရေ

ဟူသော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လ
ရေး ဦးတည်ချက်(၄)ရပ်ကို ချမှတ်
ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်
ဤအမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို
ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုး
နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ အ
ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံ
မင်္ဂလာအခါသမယတွင် ချစ်ကြည်လေ
အပ်ပါသည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် ဒို့ပြည် ဒို့လူမျိုး ဒို့မင်း ဒို့အချုပ်အခြာအာဏာ ဒို့စာပေ ဒို့ယဉ်ကျေးမှု ဒို့ရိုးရာဓလေ့ဟူ၍ အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများဖြစ်ကြသည့်အပြင် လွတ်လပ်သောနိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ်ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိရှိကြသော လူမျိုးလည်းဖြစ်။

လုံး စည်းလုံးညီညွတ်ပြီး သည် ပဓာနအကျဆုံးဖြစ်

စောင့်ရှောက်မှု မြင့်မားလာသည်နှင့်အမျှ လူ့သက်တမ်းသည်လည်း တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစဉ်များ အပါအဝင် ကျေးလက်မီးလင်းရေး လုပ်ငန်းစဉ်ကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက် ကျင့်သုံးလျက်ရှိသည်နှင့် လျော်ညီစွာ နိုင်ငံတကာရေးရာများ၊ ကမ္ဘာ့ပြည်သူများ၏ အရေးအရာများ၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာရေး လုပ်ငန်းများတွင် နှောင်ကြိုးအငင်မခံရဘဲ လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံကာ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကိုလည်း အစဉ်ရှေးရှုလျက် ရှိပေသည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်သွားရန် အလေးပေး ဆောင်ရွက်လျက်ရှိပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများအတွက် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်းကောင်း၊အာဆီယံ၊ဘင်းစတက်နှင့် မဟာမဲခေါင်ဒေသစသော ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင်လည်းကောင်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာ နိုင်စေရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကိုလည်း ခိုင်မာသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ဖွဲ့စည်းထားပြီး စည်းရုံးလေ့ကျင့်ပေးထားသော လူငယ်လူလတ်များဖြင့် အမျိုးသားရေးဆိုင်ရာ လုပ်ငန်းရပ်များစွာကို လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်ပေသည်။

ယင်းသို့ အဘက်ဘက်မှ အားသွန်ခွန်စိုက် တည်ဆောက်နေမှုများသည် နိုင်ငံတော်သစ်အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ကို ပန္နက်တင်နေခြင်းပင်ဖြစ်သည်။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီးကျင်းပ၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပေသည်။ ဤမူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

မိမိတို့၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မလွဲမသွေ တည်ဆောက်နိုင်မည်ဟူသည့် ခိုင်ကျည်မြဲမြံသော သန္နိဋ္ဌာန်ဖြင့်-

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(၃) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး

ဟူသော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ချမှတ်ခဲ့ပေသည်။ ကျွန်ုပ်တို့ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် ဤအမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို လေးလေးနက်နက် စွဲစွဲမြဲမြဲခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အားမာန်ဖြင့် နိုးကြားတက်ကြွစွာ စွမ်းစွမ်းတမံ အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်း မိခင်နှင့် ကလေး ပြိုင်ပွဲတွင် ဆုရရှိသည့် ရင်သွေးငယ်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ သားကောင်း မိခင်နှင့် ကလေးပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သားကောင်း မိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုစကားပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ကလေးပြိုင်ပွဲ(အသက် ၁ နှစ်မှ ၁နှစ် ၆ လ)ဆု ရရှိကြသည့် ရင်သွေးငယ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သားကောင်း မိခင် ဆုရရှိကြသူများနှင့် ကလေးပြိုင်ပွဲ (၆ လ မှ ၁နှစ်) ဆုရရှိကြသည့် ရင်သွေးငယ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မေလတ်က ကလေးပြိုင်ပွဲ (မွေးစမှ ၆လ)ဆုရရှိကြသည့် ရင်သွေးငယ်များကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ်ထံ Gold Power Co., Ltd. မှ ငွေကျပ် ငါးသောင်းနှင့် ကလေး အာဟာရနို့မှုန့်များ၊ ကစားစရာနှင့် ပစ္စည်းများ လှူဒါန်းသည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် အဖွဲ့ဝင် ဒေါ်နန်းလှစီတို့က ပြိုင်ပွဲ၌ အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေး ဝန်ထမ်းများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေသည် ရင်သွေးငယ်များအား ကစားစရာများနှင့် ကလေး အသုံးအဆောင်ပစ္စည်းများလိုက်လံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ သားကောင်းမိခင်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၃-၁-၂၀၀၇)

ဟားခါး
(-၃)ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၂ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၃ ဒီဂရီစင်တီဂရိတ်

မန္တလေး
၁၅ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၁၇ ဒီဂရီစင်တီဂရိတ်

အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာနှင့် အသိအမှတ်ပြုကတ်ပြား၊ ရင်ထိုးတံဆိပ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄/၂၀၀၆)မှ သင်တန်းသူများနှင့် ယင်းမာပင်၊ ပုလဲ၊ဆားလင်းကြီး မြို့နယ်များရှိ အမျိုးသမီးရေးရာအဖွဲ့များ၏ အဆိုပြုလွှာပေးအပ်ပွဲ၊ အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်တွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါ်ညွန့်ညွန့်ဦးက အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကိုအကျယ်တဝင့်ရှင်းလင်းပြောကြားကာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက ယင်းမာပင်၊ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာစောင်ရေ ၁၀၀၀ကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များကို အဖွဲ့ဝင်များကိုယ်စား ယင်းမာပင်မြို့ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့သည် ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး သုံးမွှာပူးမိခင်အား ငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းခွင်ကျန်းမာရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် စက်ရုံအလုပ်ရုံများမှ လုပ်ငန်းကြီးကြပ်သူများ လုပ်ငန်းခွင် ကျန်းမာရေးသင်တန်း ဆင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းတွင် အလုံမြို့နယ် လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ သင်တန်းဆင်းပွဲတွင်ညွှန်ကြားရေးမှူးဒေါက်တာစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေး အပ်ချီးမြှင့်သည်။

(သတင်းစဉ်)

☆ မကွေးတိုင်းမှ

ထို့နောက် ဝန်ကြီးသည် ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များအားရေလှောင်တမံနှင့်တူးမြောင်းလုပ်ငန်းများ သေသပ်ခိုင်ခံ့ရေး၊ ဆည်ရေဖြင့် ဒေသစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး မှာကြားပြီး တည်ဆောက်ဆဲ ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာဖြစ်လာတော့မည့် စိုက်ခင်းများ၌ တောင်သူများယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေကို တွေ့ဆုံဆွေးနွေး အားပေးကူညီသည်။

ဖိုးနီရေလှောင်တမံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖြူမြို့နယ် ဝွေးပင်ရွာအနီး၌ တည်ဆောက်နေသည့် ဖိုးနီရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးက ဌာနဆိုင်ရာများအား လုပ်ငန်းများ သေသပ်ခိုင်ခံ့ရေး၊ ရေဝေရေလဲဒေသ၌ ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် အရိပ်ရပင်၊ လေကာပင်များစိုက်ပျိုးရေး၊ မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားသည်။

မကျီးသုံးပင်ရေလှောင်တမံ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့၌ တည်ဆောက်နေသည့် မကျီးသုံးပင် ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးအေးသိန်းက ဒေသစိမ်းလန်း စိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် တယ်ပင်ရိုးချောင်းကို မြေသားတမံ ပိတ်၍ ရေလှောင်တမံ တည်ဆောက်နေမှု၊ပင်မတမံလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တည်ဆောက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသည်။

ဝွေးချိုရေလှောင်တမံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် ဝွေးချိုကျေးရွာအနီး၌ ဆင်မဝင်းချောင်းကို ပိတ်၍ တည်ဆောက်နေသည့် ဝွေးချိုရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး တည်ဆောက်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဆောင်ရွက်နေသည့် လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ရေလှောင်တမံ တည်ဆောက်နေသည့် ဧရိယာအညွှန်းပြမြေပုံ၌ ဆက်လက်ဆောင်ရွက်ရမည့် ရေပေးဝေရေးလုပ်ငန်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ စိုက်ပျိုးထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးက ပင်မတမံ တည်ဆောက်မည့် နေရာနှင့် ရေတားတမံတည်ဆောက်ထားမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

❀ **သာသနာတော်ဆိုင်ရာမှ**

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၁ ပါး၊ သီလရှင် ၁၀ ပါး စုစုပေါင်း ၃၁ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်အပါး ၄၀၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၅ပါး၊ သီလရှင်တစ်ပါး၊ လူပုဂ္ဂိုလ်ခြောက်ဦး စုစုပေါင်း ၅၂ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်အပါး ၄၀၊ သီလရှင်ရှစ်ပါး၊ လူပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်း ၅၆ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၅ပါး၊ သီလရှင်တစ်ပါး စုစုပေါင်း ၁၆ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ရှစ်ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ငါးဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ငါးဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့လေးဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ နှစ်ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဘွဲ့ ခြောက်ဦး၊ သီရိသုဓမ္မ သင်္ဂီဘွဲ့ ၂၆ဦး၊ သီဟသုဓမ္မသင်္ဂီဘွဲ့ လေးဦး၊ သုဓမ္မသင်္ဂီဘွဲ့ လေးဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၇)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ငါးဦး၊ သိပ္ပံပညာထူးချွန်တံဆိပ်(ပထမဆင့်) တစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)တစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်) ၁၁ဦး၊ နည်းပညာ ထူးချွန်တံဆိပ်(ဒုတိယဆင့်)တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)တစ်ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ်(တတိယဆင့်) သုံးဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ်(ဒုတိယဆင့်)သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၁၄ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ၁၇ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၃၁ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ၁၃၀၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ၄၁ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်) ၆၃ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၁၃၇ဦး၊ ရဲသူရတံဆိပ်တစ်ဦး၊ ရဲသူရိန်တံဆိပ် လေးဦး စုစုပေါင်း ၄၆၄ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၃/၂၀၀၇)ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၀၁၆ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၇)ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူ ၃၄၄၄ ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၇)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသူ များတွင် အငြိမ်းစား ၄၇ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၄၂၄၉ ဦး စုစုပေါင်း ၄၂၉၆ ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၇)ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၃၀၊ အမိန့်ကြော်ငြာစာ အမှတ်(၇/၂၀၀၇)ဖြင့် နိုင်ငံတော် ရဲမှုထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၆၃ဦး၊ အမိန့်ကြော်ငြာစာ အမှတ်(၈/၂၀၀၇)ဖြင့် ပြည်သူ့ဝန်ထမ်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ များတွင် အငြိမ်းစားတစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၇၆၇၄ဦး စုစုပေါင်း ၇၆၇၅ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၂၈၂၉ဦးတို့ ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၃

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၅၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီ တွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပရန်စီစဉ်ထားသည်။

ဝါးခယ်မသူ၊ဝါးခယ်မသား အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များသည် (၇၅)နှစ်ပြည့်ကြောင်း မှတ်ပုံတင်မိတ္တူ ပူးတွဲ၍ တင်ပြရန်၊ အသင်းဝင်များ၏ သား၊ သမီးများထဲမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရ သည့် အမှတ်စာရင်းမိတ္တူ ပူးတွဲတင်ပြရန်နှင့် စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်ရရှိသည့် အထောက်အထားအား မိတ္တူပူးတွဲကာ ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဝါးခယ်မမြို့ မြို့နယ်အသင်း(ရန်ကုန်)အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လော်ကားဓာတ်အားခွဲရုံ၏ Switch Yard အတွင်း ရွာမသံမဏိစက်ရုံသို့ 20 MVA ထရန်စဖော်မာ သုံးလုံးဖြင့် ဓာတ်အား ပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လော်ကား ဓာတ်အားခွဲရုံ၏ Control Room ၌ ဒုတိယလက်ထောက်အင်ဂျင်နီယာ ဒေါ်သီတာအေးက ဖီဒါ ၁၇ ခုဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယလက်ထောက်အင်ဂျင်နီယာ ဦးအောင်ဌေးက Indoor Circuit Breaker များဖြင့် ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် အလေးထား ဆောင်ရွက်စေလိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမ(အနောက်ရပ်ကွက်) ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) သံမဏိစက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဗိုလ်မှူးကြီးတင်စိုးက ထုတ်လုပ်မှုအမျိုးအစားနှင့် ထုတ်လုပ်မှုရည်မှန်းချက်များ၊ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို Projector များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံတစ်ရုံဖြစ်သဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကို တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ၏ Switch Yard အတွင်း လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားမှုအခြေအနေနှင့် စက်ရုံ၏ Control Room ၌ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်-ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းနှင့် ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဌေးတို့က မြို့နယ်များ၏ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း၊ လက်ခံယူနစ်၊ ရောင်းချယူနစ်နှင့် ပျောက်ဆုံးမှုယူနစ်ဆိုင်ရာ ရာခိုင်နှုန်းအခြေအနေများကိုလည်းကောင်း ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိမိတို့ဝန်ထမ်းများအနေဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် တိကျမှန်ကန်ဖို့လိုပါကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှု စီမံဆောင်ရွက်ချက်များကို ပြည်သူများ နားလည်သဘောပေါက်အောင် ရှင်းလင်းစေလိုကြောင်း ပြောကြားပြီး မီတာဖတ်စာရေးတစ်ဦးချင်း ဖတ်ရှုရသည့် အိမ်ထောင်စုစာရင်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး သီရိပျံချီဦးခင်ညွန့်အား ရည်စူး၍ မိခင်ကြီး ဒေါ်ကြွယ်ကြွယ်ညွန့် (၈၇)နှစ်မြောက် မွေးနေ့တွင် သား၊ သမီးများက ပစ္စည်းလေးပါးပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ ကို တိပိဋကဓမ္မရက္ခိတာအဖွဲ့ကြီးသို့ လှူဒါန်းရာ အဖွဲ့အကျိုးတော်ဆောင် အတွင်းရေးမှူး သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် ဗဟိုအကျိုးတော်ဆောင်များက အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်နှင့် စာပေ စိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်မှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း နာယကများ၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ၊ ဖိတ်ကြားထားသူများနှင့် အသင်းသားများ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဒီဇင်ဘာ ၃၀ရက်က ကြီးပွားရေးရပ်ကွက်တွင် လူနေအိမ်များနှင့် အောင်သုခလမ်း၌ မီးဖိုမီးသုံးစွဲမှု အခြေအနေများကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဆောင်းတင်နှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ကြစဉ်။ (၅၀၆)

✪ **(၅၉)နှစ်မြောက်မှ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဟူကျင်တောင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ယခုကဲ့သို့ မြန်မာနိုင်ငံတော်၏ ထူးမြတ်သော လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် တရုတ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း၊ အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများအားလုံးကို ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ကုန်လွန်ခဲ့သောနှစ်အတွင်းက မြန်မာနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှု၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုနှင့် နိုင်ငံခြားဆက်ဆံမှုများတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ထိုအကျိုးကျေးဇူးများကို မိမိတို့နှစ်နိုင်ငံ မျှဝေခံစားနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အိမ်နီးချင်းကောင်းများဖြစ်ကြသော မြန်မာနှင့် တရုတ်နိုင်ငံတို့သည် တောတောင်မြစ်ချောင်းများဖြင့် ဆက်စပ်လျက်ရှိသည့်အပြင် ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ခင်မှုများရှိကြကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံမှုများမြှင့်တင်သွားရန် ဆန္ဒရှိကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ ကြီးပွားချမ်းသာ၍ အောင်မြင်မှုများ ဆက်လက်ရရှိစေကြောင်း ဆန္ဒပြုအပ်ပါသည်ဟု ဖော်ပြထားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယူနိုထံမှ ပေးပို့သောသဝဏ်လွှာတွင် အင်ဒိုနီးရှားအစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် ချစ်ခင်ဖော်ရွေသော မြန်မာပြည်သူများအား လွတ်လပ်ရေး ချိန်ခါသမယတွင် ဝမ်းမြောက်ပျော်ရွှင်စေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။ ထို့အပြင် နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ပြီး ဆက်ဆံရေး ပိုမိုခိုင်မာလာမည်ဟု ဆန္ဒပြုပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး ကျန်းမာချမ်းသာစေကြောင်းနှင့် အောင်မြင်မှုများ ခညောင်းစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

သြစတြေးလျနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ (အငြိမ်းစား) ထံမှ ပေးပို့သော သဝဏ်လွှာတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား သြစတြေးလျ ပြည်သူများနှင့် အစိုးရကိုယ်စား နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ ထို့အပြင် အဆွေတော်တို့နှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် အထူးအလေးထားပါကြောင်းဟု ဖော်ပြထားသည်။

ထိုင်းနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန် (အငြိမ်းစား)ထံမှ ပေးပို့သောသဝဏ်လွှာတွင် ထိုင်းနိုင်ငံအစိုးရကိုယ်စားလည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း ယခုကဲ့သို့သော အခါသမယတွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်စေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့ နှစ်နိုင်ငံသည် အပြန်အလှန်ချစ်ကြည်မှုရှိပြီး နားလည်မှုများလည်းရှိကြပြီးဖြစ်သည့်အလျောက် ကျွန်ုပ်အနေဖြင့် ရှိပြီးချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားများကို အဆွေတော်နှင့် ပူးတွဲကာ ဆက်လက်သယ်ပိုး ဆောင်ရွက်သွားလိုကြောင်း၊ ထို့အပြင် အဆွေတော်နှင့် ပတ်သက်၍လည်း ကျွန်ုပ်အနေဖြင့် အထူးအလေးထားကြောင်း သိစေအပ်ပါသည်ဟု ဖော်ပြထားကြသည်။

ဂျပန်နိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်အနေဖြင့် လည်းကောင်း၊ ကျွန်ုပ်၏အစိုးရနှင့် ဂျပန်ပြည်သူများကိုယ်စားလည်းကောင်း၊ အဆွေတော်နှင့် အဆွေတော်၏ နိုင်ငံသူ၊ နိုင်ငံသားများအား ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ ပေးပို့အပ်ပါကြောင်း၊ ထို့အပြင် အဆွေတော်တို့နှင့် ပတ်သက်၍ ကျွန်ုပ်အနေဖြင့် အထူးအလေးထားပါကြောင်း သိစေအပ်ပါသည်ဟု ဖော်ပြထားသည်။ (ကြေးမုံ)

ပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာပညာပေးစည်းရုံး လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားမှန်ကန်စွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးနှင့် ရောဝတီတိုင်းအတွင်းရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်းများတွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်တွင် ရောဝတီတိုင်း မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာတို့ကို အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ရောဝတီတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်နှင့် ဌာန၏ရည်မှန်းချက်များကို သိရှိနားလည်ပြီး အောင်မြင်စေရေး အလေးအနက်ထားကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ချိုသာမှုက အရေးကြီးကြောင်း၊ ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေးစည်းရုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားမှန်ကန် တာဝန်သိစွာဖြင့် စည်းမျဉ်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ဇန်နဝါရီ ၁ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်း ပုသိမ်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း တိုင်းမန်နေဂျာရုံး အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပုသိမ်မြို့ရှိ ပင်စင်ဦးစီးဌာန တိုင်းဦးစီးမှူးရုံးနှင့် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း တိုင်းမန်နေဂျာရုံးတို့သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရောဝတီတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ အရာထမ်းများအား အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

မသန်စွမ်းသူအဖွဲ့အစည်းများနှင့် စေတနာရှင်အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ မသန်စွမ်းသူအဖွဲ့အစည်းများနှင့် စေတနာရှင် အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက်က ဆရာစံပလာဇာ မြေညီထပ်ရှိ ပုဂံစုပါမားကက်စင်တာတွင် ကျင်းပသည်။

ရှေးဦးစွာသဘာပတိ မသန်စွမ်းသူများဘဝ တိုးတက်မြင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌသီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ နာယက ဗိုလ်မှူးကြီးမျိုးမြင့်၊ မြန်မာနိုင်ငံ ဉာဏ်ရည်မမီကလေးမိဘများအသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းဇော် တို့က ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားသည်။ (၅၂၉)

အာဆီယံ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများအတွက် အပတ်စဉ်စနေနေ့ နံနက်၉နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

ဝင်ရောက်ဖြေဆို

၂၀၀၆ခုနှစ် ဒီဇင်ဘာလ မြန်မာ့အသံရေဒီယိုအစီအစဉ် ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ဖြေဆိုကြသူများအနက် ပထမဆုကို မောင်ယောဆက် ကွတ်ခိုင်မြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယဆုကို မောင်ဝေဖြိုးအောင် ကညော့်ရှာ မွန်ပြည်နယ်၊ တတိယဆုကို မနင်းနှင်းထွေး စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းနှင့် စတုတ္ထဆုကို မောင်အောဘယ်လ်စိုးထွင်ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်တိုင်းတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

လစဉ်ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံ ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ဝင်ရောက် ဖြေဆိုလိုကြသူ ပြည်နယ်၊တိုင်းအသီးသီးမှ ဝါသနာရှင်များ၊ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြို့တော်သန့်ရှင်းရေးတာဝန်များ အချိန်ပြည့် ကြီးကြပ်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်သည် ဒီဇင်ဘာ ၃၁ ရက်က ဆိပ်ကမ်းသာအထက်လမ်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ သန့်ရှင်းရေးဝန်ဆောင်တာဝန်ခံများအား တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဌာနမှူးက သန့်ရှင်းရေးဝန်ဆောင်မှု အဖွဲ့များအနေဖြင့် မြို့တော် သန့်ရှင်းရေးတာဝန်များကို လင်းပြောင်စနစ်အပြင် အချိန်ပြည့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ ထို့အပြင် အိမ်နောက်ဖေးသို့အမှိုက်စွန့်ပစ်ခြင်းနှင့်လမ်းဘေးဈေးရောင်းချသူများ မိမိအမှိုက် မိမိမသိမ်းဆည်းဘဲ လမ်းဘေး၊ လမ်းပေါ်နှင့်ရေမြောင်းအတွင်း စွန့်ပစ်ပါက အရေးယူရန် မှာကြားဆွေးနွေးသည်။

တာဝန်ပေးမည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဖေဖော်ဝါရီလအတွင်း အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ သဃ်န်းကျွန်း၊ လှိုင်မြို့နယ်များ၌ပါ သန့်ရှင်းရေး ဝန်ဆောင်တာဝန်များ ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။ (၁၉)

တောင်ငူမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်အချိန် ပဲခူးတိုင်း တောင်ငူမြို့(၂)ရပ်ကွက် နန်းဇေယျာလမ်း ဒေါ်မိုးအေး၏နေအိမ်၌ မီးဖိုမီးမွေးရာမှ မီးလောင်မှုစတင်ဖြစ်ပွားသဖြင့် သန္ဓေ၊ အရန် ၆၀ ဖြင့် စုပေါင်း၍ ငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသည်။ တဲတစ်လုံး၊ အိမ်ခြောက်လုံး မီးလောင်ခံရပြီး ကျပ်သုံးဆယ်ငါးသိန်းခန့် ဆုံးရှုံးခဲ့သည်။

အလားတူ ယင်းနေ့ည ၁၁နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် သန်လျက်မော် အနောက်ရပ်ကွက် အကွက်(၃၇၅) ဦးမောင်မောင်နိုင်၏နေအိမ်၌ ခြင်ထောင်အနီး ဖယောင်းတိုင်မီးထွန်းရာမှမီးလောင်မှုဖြစ်ပွားသဖြင့် သန္ဓေ၊ အရန်အင်အား ၄၅ဦးဖြင့် စုပေါင်းငြိမ်းသတ်ခဲ့ရာ ည ၁၁နာရီခွဲတွင် မီးငြိမ်းသည်။ အိမ်နှစ်လုံးအနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် တစ်သောင်းငါးထောင်ခန့် ဆုံးရှုံးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စည်သွတ်အစားအစာနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင်ရောင်းချလျက်ရှိသော စည်သွတ်ဘူးနမူနာများကို ဝယ်ယူစိစစ်ရာ အောက်ဖော်ပြပါ စည်သွတ်ဘူးအမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ်ရရှိထားခြင်းမရှိပါကြောင်းနှင့် ဘူးခွံပေါင်းများကို ပြန်လည်သုံးစွဲခြင်း၊ အမှတ်တံဆိပ်တွင် ဖော်ပြရန်အချက်များ ပြည့်စုံမှုမရှိခြင်းတို့ကြောင့် စားသုံးရန်မသင့်သောစည်သွတ်ဘူးများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	Cow Boy အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	မပါရှိပါ
၂။	Shwe Letyar အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	မပါရှိပါ
၃။	Shwe Letyar အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၄။	Shwe Leik Pyar (Golden Butterfly) အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၅။	San Pwint အမှတ်တံဆိပ် ကြက်သားစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၆။	San Pwint အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၇။	Shwe Ayar အမှတ်တံဆိပ် အမဲသားစည်သွတ်ဘူး	SA Canning Industry Myanmar လိပ်စာဖော်ပြမထားပါ
၈။	Two Deers အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	KMT Canning Co., လိပ်စာဖော်ပြမထားပါ
၉။	Two Deers အမှတ်တံဆိပ် ငါးသလောက်စည်သွတ်ဘူး	KMT Canning Co., လိပ်စာဖော်ပြမထားပါ
၁၀။	Golden Brahminy Duck အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	မပါရှိပါ
၁၁။	Golden Sea အမှတ်တံဆိပ် ငါးစည်သွတ်ဘူး	Product of Ngapali Beach Myanmar
၁၂။	King Elephant အမှတ်တံဆိပ် ငါးသလောက်စည်သွတ်ဘူး	မပါရှိပါ

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်ရရှိထားသော အစားအသောက်များမှာ အရည်အသွေးအာမခံချက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ စည်သွတ်အစားအသောက် ထုတ်လုပ်၊ဖြန့်ဖြူးရောင်းချလိုသူသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ် ရရှိပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဂရိတ်ဝေါ တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်နှင့် ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် သတ္တမအကြိမ်မြောက် ဂရိတ်ဝေါ အမျိုးသားတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ၂၉ရက် ညနေ ၄နာရီက အနော်ရထာလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကြီးတန်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကြီးတန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အကြီးတန်း အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အကြီးတန်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)က သက်ကြီးတန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ ဂရိတ်ဝေါဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်စိန်က သာမန်တန်း အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အကြီးတန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားများ ဆုချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အကြီးတန်း အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရ သက်လွင်မြင့်(ရွှေစွန်ညို)နှင့် လှိုင်မွန်ကြူ(သစ်တော)အတွဲအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃

ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ဒေါက်တာသက်လွင်၏ ငြိမ်းချမ်းရေး၏ရလဒ်၊ မောင်မျိုးချစ်(ပုဂံ)၏ အာရှတိုက်ကို ထိန်းချုပ်မည့် အမေရိကန်တို့၏အကြံ၊ ဖဒိုအောင်ဆန်း၏ ကျွန်တော်နှင့်အဖျက်သမားများ၊ တိုင်းရင်းသားတစ်ဦး၏ ပန်ဝါမြို့မှ ကြိုဆိုပါ၏။ စိုးသီဟစိုး၏ ကျွန်းအစားထိုး ဖြူဖြူဖွေးဖွေး ရော်ဘာပရိဘောဂပစ္စည်းများ အသုံး တွင်ကျယ်လာ၊ သတင်းထောက်ခင်မောင်မြင့်၏ ဓာတ်အားထိန်းချုပ်ပေးသော ဓာတ်အားခွဲစက်ရုံများ ပေါ်ထွန်းလာပြီ၊ ဆက်နောင်၏ နယ်ချဲ့ဆန့်ကျင်ရေး မြန်မာ့တော်ဝင်တိုက်လေ့အစင်း ၁၀၀ စသည့် ဆောင်းပါးများအပြင် မြန်မာ့အိုင်တီလောက တစ်ခေတ်ပြောင်းမည့် ရတနာပုံမြို့သစ်၊ လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်တော့မည့် ထမံသီရေအားလျှပ်စစ်စီမံကိန်း၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု လက်ရှိအခြေအနေ၊ တစ်နေ့ ၁၂နာရီအထိ နယ်မြေသုံးခုခွဲ၍ လျှပ်စစ်ဓာတ်အားပေးမည်။ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသုံးခု အချိန်မီပြီးရေးကြိုးပမ်း၊ အင်းအိုင်အသစ်များနှင့် တိမ်ကောအင်းများ ဖော်ထုတ်မည်။ မြန်မာပြည်မြောက်ဖျား ထင်းရှူးတောများ မလေးရှားကုမ္ပဏီများစိတ်ဝင်စား၊ ၂၀၀၆ ခုနှစ်တွင် ယာဉ်မတော်တဆမှု အနည်းငယ်တိုးပွားလာ၊ ယနေ့ မိတ္ထီလာစက်မှုဇုန်မှလုပ်ငန်းများ၊ ကုလသမဂ္ဂ၏ ပင်မဒေါက်တိုင်သုံးရပ်၊ အထွေထွေအတွင်းရေးမှူးချုပ်သစ်အတွက် ထမ်းဆောင်ရမည့် အဓိကတာဝန်များ၊ ကျူးဘားနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံရေးသမားများ တိုက်တွန်း၊ တရုတ်နိုင်ငံအတွက် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ပေးမှုအပေါ် အမေရိကန်တို့ စိုးရိမ်နေခြင်းစသည့် ပြည်တွင်းပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာပါရှိသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူရရှိနိုင်မည့် ဆိုင်များမှာ မန္တလေးမြို့ ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ (၂၉)လမ်း ဆင်တောင်ကြီးစာပေ၊ (၄၆)လမ်း မောင်မှုဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ပြီး သတင်းနှင့်စာမူများ ပေးပို့လိုလျှင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်ရုံး ရွှေနိုင်ငံဂျာနယ် ဖုန်း-၃၈၂၀၇၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ကျင်းပရာ Professional Golfer နိုင်နိုင်လင်းနှင့် Amateur Golfer ဘိုဘိုတို့က ဒုတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိကြသည်။

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ၇၇ ချက်ဖြင့် အမှတ်စဉ်(၁၂)ရရှိခဲ့သော နိုင်နိုင်လင်း (K.M Golf Centre) က ဒုတိယနေ့ ပြိုင်ပွဲတွင် ပင်ကိုလက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ ၇၇+၆၇ ပေါင်း ၁၄၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့်(K.M Golf Centre) က ၇၂+၇၃ ပေါင်း ၁၄၅ ချက်ဖြင့် ဒုတိယလိုက်ပြီး စိုးကျော်နိုင် (Srixon) က ၇၃+၇၄နှင့် ဇော်ဇော်လတ်(Point)က ၇၁+၇၆ ပေါင်း ၁၄၇ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုကပင် ၇၁+၇၂ ပေါင်း ၁၄၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်းက ၇၃+၇၁ ပေါင်း ၁၄၄ ချက်ဖြင့် ဒုတိယလိုက်ကာ နေဗလဝင်းမြင့်က ၇၅+၇၂ ပေါင်း ၁၄၇ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီး အပျော်တမ်းပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Youna Bark က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဌေးဌေးက ၇၂ ချက်ဖြင့် ဒုတိယလိုက်ပြီး So Hyun Cho က ၇၃ ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲတွင် K.M Golf Centre, Srixon, Point Golf Shop, Yamato Golf Shop, Grand Royal Special Reserve Whisky, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories, Hanthawaddy Golf and Country Club တို့ကလည်း အသီးသီး ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၄ရက် နံနက် ၈နာရီတွင် တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် အပျော်တမ်း အမျိုးသမီးပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲများကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လသာလမ်းနေ ဦးယုကြည်-ဒေါ်ကြင်ဥမိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဒေါ်ရှုဝါ၊ ဒေါ်နီနီအေးမိသားစု၊ ဒေါ်ညိုညိုဝင်း၊ ဒေါ်သန်းသန်းဝင်းမိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဒေါက်တာဖုန်းမြင့်ဝင်း-ဒေါက်တာလဲ့လဲ့ဝေမိသားစု (USA)က အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀ စုစုပေါင်း ငွေကျပ်လေးသိန်းနှင့် ဒေါ်လာ ၂၀၀ တို့ကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်မြရှင် လက်ခံရယူစဉ်။ (က-ပ)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များသည် ၂လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ ၂လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀၊ ၄ လက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ်၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ)ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀း၂၀	"စိတ်"မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် "ဝါဝါဝင်းရွှေ"
၇း၀၅	အရှင်ဓမ္မပါလ ဆုတောင်းတရားတော် (သီတဂူဆရာတော်) (အပိုင်း-၁)	၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၇း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ	၁၁း၀၅	သွားမယ်စားမယ် (ဗိုလ်တီး Food Center)
၈း၀၅	တေးဂီတအစီအစဉ်	၁၁း၂၅	တေးဂီတအစီအစဉ်
၈း၁၀	တို့ခြံထဲမှာ ခုတော့ဖြင့်ပျော်စရာ (ရဲအောင်၊ကိုကိုလင်းမောင်၊ မေသန်းနု၊ယမင်းကိုကို) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)	၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၄၀	အမျိုးသားပြတိုက် မြန်မာအက္ခရာနှင့်လက်ရေးမူပြခန်း
၈း၅၅	ဂျာနယ်များနှင့်စကားပြောခြင်း (ပထမဂီတဂျာနယ်)	၁၁း၅၅	တေးဂီတအစီအစဉ်
၉း၁၅	တေးဂီတအစီအစဉ်	၁၂း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
၉း၂၀	ချယ်ရီမြေမှပန်းပွဲတော်	၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၄၀	အောင်မြေရွှေဘိုမြို့ (အပိုင်း-၁)
၉း၄၅	ပြည်တွင်းအနုပညာရေးရာ	၁၂း၅၅	တေးဂီတအစီအစဉ်
၁၀း၁၅	တေးဂီတအစီအစဉ်	၁၃း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပညာရေးစုံညီပွဲတော်
နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့။
ဇန်နဝါရီလ(၆ မှ ၈)ရက်၊ ၂၀၀၇ ခုနှစ်
SCHOOL FAMILY DAY
(6 to 8) January 2007

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ပရိသတ်ထံအရောက်သွားသည့် သျှားညို၏ ပန်းပုရုပ်များအကြောင်း

သတင်းဆောင်းပါး၊ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၃

အနုပညာရှင် သျှားညို၏ Found Happening Project **အမည်ရှိ အနုပညာပြပွဲတစ်ခုဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပခဲ့သည်။**

ပြပွဲဖွင့်ပွဲ အခမ်းအနားသို့ ပန်းချီ၊ ပန်းပုပညာရှင်များ၊ စာနယ်ဇင်းအသီးသီးမှ စာပေပညာရှင်များ စိတ်ဝင်တစား တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ဗဟိုဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးသောင်းဟန် တက်ရောက်

ပြတိုက်တွေမှာ သွားကြည့်ရတဲ့ ပန်းပုရုပ်အပေါ် ပရိသတ်စိတ်ဝင်စားမှုနဲ့ လမ်းပေါ်မှာ အမှတ်မထင် တွေ့လိုက်ရတဲ့ ပန်းပုရုပ်အပေါ် ပရိသတ်စိတ်ဝင်စားမှု သဘောထားချင်းမတူနိုင်ပါ။ (သျှားညို)

ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

အနုပညာရှင် သျှားညိုသည် ၎င်း၏ခံစားချက် အနုပညာပစ္စည်း(ပန်းပု)များကို ၂၀၀၆ ခုနှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်းတွင်လည်း Pre-Show for Happening Project, Project Pre-Show ဟူသော အမည်များဖြင့် အမျိုးသားပြတိုက်တွင်ပင် ကျင်းပခဲ့ကာ သံမဏိဖြင့် ထုဆစ်ထားသည့် ၎င်း၏ ခံစားချက်အနုပညာ ပန်းပုပုံရိပ်များကို ပရိသတ်များအား ပြသခဲ့သည်။ ထိုစဉ်ကလည်း လာရောက် ကြည့်ရှုကြသည့် ပရိသတ်များမှာ သံမဏိဖြင့် ထုဆစ်ထားသည့် ပန်းပုရုပ်များကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးကြ၍ တအံ့တသြ ဖြစ်ခဲ့ကြရသည်။

ယခင်ပြပွဲများ၌ သျှားညိုက၎င်း၏ အနုပညာခံစားချက်များကို ပရိသတ်အား တင်ပြပုံထူးခြားမှုရှိသလို ယခုတစ်ဖန် ပြသသည့် Found Happening ကလည်း တမူထူးခြားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

များသောအားဖြင့် ပန်းချီ၊ ပန်းပုအနုပညာပြပွဲများမှာ ပြသသူ အနုပညာဖန်တီးရှင်က ၎င်း၏ အနုပညာဖန်တီးမှုပစ္စည်း ဥပမာ- ပန်းချီ၊ ပန်းပုများကို သတ်မှတ်ရာနေရာတစ်နေရာ၌ သတ်မှတ်သည့် နေ့ရက်အချိန်၌ တစုတစည်းတည်းပြသပြီး ကြည့်ရှုသူပရိသတ်ကလည်း ၎င်းနေရာသို့ လာရောက် ကြည့်ရှုကြသည့် အစဉ်အလာမျိုး ရှိခဲ့ကြသည်။ ယခု သျှားညိုကမူ ၎င်း၏ အနုပညာပစ္စည်းပြပွဲကို အချိန်နေရာ သတ်မှတ်ချက် မထားသကဲ့သို့ကြည့်ရှုသူပရိသတ်များကလည်း သွားရောက်ကြည့်ရှုရန် မလိုဘဲ ပြပွဲကသာ နေရာအနှံ့ရှိ ပရိသတ်ရှေ့မှောက်သို့ သွားရောက်ပြသသည့် ပုံစံဖြစ်နေပေရာ အစဉ်အလာ ပန်းချီပန်းပု အနုပညာပြပွဲနှင့် မတူဘဲ တမူထူးခြားနေပေသည်။ ယခင်ပြသခဲ့သည့် Project Pre-Show ပြပွဲတွင် သံမဏိပန်းပုရုပ်ပေါင်း ၄၀ကျော်ကို အမျိုးသားပြတိုက်တွင် ပြသခဲ့ပြီး ယခု Found Happening တွင်မူ သံမဏိပန်းပုရုပ် ၁၀ရုပ်ကို ကား ၁၀ စီးပေါ်တင်၍ ရန်ကုန်မြို့အနှံ့ လှည့်လည်မောင်းနှင်ပြသကာ သတ်မှတ်ထားသော စုရပ်များ၌လည်း အချိန်အတော်ကြာ ရပ်နားပြီး ကြည့်ရှုသူပရိသတ်ထံသို့ အရောက်သွားပြသခဲ့သည်။ ဤကဲ့သို့ ပြသခြင်းဖြင့် ယာဉ်ဖြတ်သန်းသွားလာရာနေရာများမှာ၎င်းတင်ပြလိုသော အနုပညာရုပ်ဝန်းများ ဖြစ်သွားသည်ဟုခံယူထားကြောင်း ၎င်းက ပြောခဲ့သည်။ ဤသို့ လှည့်လည်ပြသခြင်းနှင့်ပတ်သက်၍-

သျှားညိုက-

"ပြတိုက်တွေမှာ သွားကြည့်ရတဲ့ပန်းပုရုပ်တွေအပေါ် ပရိသတ်ရဲ့ စိတ်ဝင်စားမှု သဘောထားနဲ့

လမ်းပေါ်မှာ အမှတ်မထင် တွေ့လိုက်ရတဲ့ ပန်းပုအပေါ် ပရိသတ်ရဲ့ စိတ်ဝင်စားမှု သဘောထားချင်း မတူနိုင်ပါဘူး၊ ပြတိုက်ကို လာပြီး ပန်းပုပြပွဲကြည့်တဲ့ ပရိသတ်မှာ အနည်းနှင့် အများဆိုသလို ကြိုတင်ပြဋ္ဌာန်းချက်များ ကပ်ငြိပါလာကြောင်း၊ လမ်းပေါ်မှာ ပန်းပုရုပ်ကို အမှတ်မထင်တွေ့ရတဲ့အခါ ခံစားလိုက်ရတဲ့ စိတ်ဝင်စားမှုနဲ့ မတူကြောင်း၊ လမ်းပေါ်က ပန်းပုပစ္စည်းတွေက လူတွေကို သူ့ဆီအတင်းအဓမ္မလာမကြည့်ခိုင်းဘဲ လူတွေ၏ အကြည့်တွေထဲကို ၎င်းတို့ကိုယ်တိုင် တိုးဝင်သွားဖို့ပဲ ကြိုးစားမည်ဖြစ်ကြောင်း၊ အရင်တုန်းက ပန်းပုတွေဆီကို လူတွေက လာကြည့်တာ၊ အခုဟာက ပန်းပုတွေကိုယ်နှိုက်က လူတွေဆီကို သွားတာပါ။ ကျွန်တော် ဆိုလိုတာက ဒီပစ္စည်း(ပန်းပု)ဟာ ကျွန်တော့် အလုပ်ရုံမှာရှိတုန်းက အဓိပ္ပာယ်နဲ့ တန်ဖိုးကတစ်မျိုး၊ ပြတိုက်ထဲ ရောက်တဲ့အခါ တစ်မျိုး၊ လမ်းပေါ်ရောက်တဲ့ အခါတစ်မျိုး၊ လမ်းပေါ်မှာတောင် ရန်ကုန်မြို့ထဲက ၃၃ လမ်းထိပ်မှာဆိုရင် တစ်မျိုး၊ ရန်ကုန်-မန္တလေးလမ်းပေါ်က ရွာတစ်ရွာမှာဆိုရင် တစ်မျိုး၊ ဒီတော့ ကျွန်တော် စဉ်းစားကြည့်တယ်။ ဒီအဓိပ္ပာယ်တွေ တန်ဖိုးတွေက ဘယ်ကလာသလဲ။ ဒါတွေဟာ အဲဒီအရာဝတ္ထုတွေထဲက စီးထွက်လာတာ မဟုတ်ဘူး။ သူနဲ့ထိတွေ့ရာ ဝန်းကျင်တွေကနေ သူ့ထံကို စီးဝင်လာတာ။ ဒီတော့ ကျွန်တော် တကယ်အထူးပြုတင်ပြချင်တာက ပန်းပုတွေရယ်လို့ ပညတ်ထားတဲ့ အရာဝတ္ထုပစ္စည်းတွေ မဟုတ်ဘူး။ ဒီပန်းပုတွေနဲ့ ထိတွေ့ရာ ပတ်ဝန်းကျင်အမျိုးမျိုး၊ အပြောင်းအလဲအမျိုးမျိုး အဝါဆိုရင် အနီပေါ်ရောက်တဲ့အခါ လိမ္မော်ရောင်၊ အဲဒီအဝါကိုပဲ အပြာပေါ်တင်ကြည့်တဲ့အခါ အစိမ်းရောင်၊ အဲဒီလိုဝန်းကျင်တစ်ခု (လူ+နောက်ခံဆက်တင်) ပြောင်းတိုင်း ပြောင်းတိုင်း တဖျပ်ဖျပ်လိုက်ပြီး ပြောင်းလဲနေမယ့် အဓိပ္ပာယ်တွေနဲ့ တန်ဖိုးတွေကို ကျွန်တော် ပြချင်တာပါ။ ဥပမာပြောရရင် သုညနဲ့ တစ်ရာကြားက တန်ဖိုး

ကြည့်ရှုသူပရိသတ်ထံပန်းပုရုပ်များ ဤသို့သွားရောက်ပြသခဲ့သည်။

အတိုးအဆုတ်တွေကို ပြချင်တယ်။အဲဒီတန်ဖိုးတွေဘယ်နေရာက လာတာလဲဆိုတာကိုလဲ ပြချင်တယ်၊ ကျွန်တော်က သုညလို့ သတ်မှတ် ပြတာလဲ မဟုတ်ဘူး။ တစ်ရာလို့ လက်ခံတာမျိုးလည်း မဟုတ်ဘူး။ သုညနဲ့ တစ်ရာကြား ပြေးလွှားနေတဲ့ သဘောကလေးကိုပဲ ပြချင်တာပါ"ဟု ရှင်းပြသည်။

ယနေ့အချိန်အခါ၌နိုင်ငံအချို့မှ အနုပညာရှင်များက ပန်းချီ၊ ပန်းပု အနုပညာပစ္စည်းများဖြင့် ၎င်းတို့၏ ခံစားချက်များကို ရေးဆွဲ ထုဆစ်တင်ပြကြရာမှ တစ်ဆင့်တိုးကာ Stweet Performance ဟူသည့် ကိုယ့်ခံစားချက်ကို ကိုယ်တိုင် သရုပ်ဆောင်ပြသသည့် အနုပညာရှင်များ ပေါ်ထွက်လာခဲ့သကဲ့သို့ပင် ယခု သျှားညိုကလည်း တစ်မျိုးတစ်ဘာသာ ဆန်းသစ်၍ ၎င်း၏ ပန်းပုရုပ်များကို ပြည်သူအကြား အထူးသဖြင့် ကြည့်သူပရိသတ်ထံ သွားရောက် ပြသခဲ့ပေသည်။

ယခုလိုတင်ပြတာနဲ့ အမျှ ကြည့်ရှုသူ ပရိသတ်တွေက တစ်ဆင့်ပြီးတစ်ဆင့် ဝေဖန်မှုတွေ၊ ပြပွဲအပေါ် အမြင်ဖလှယ်မှုတွေပြန့်ပွားလာပြီး နောက်ဆုံး ဒီလို အမြင်ဖလှယ်မှုတွေဟာ အနုပညာ ဖန်တီးသူထံ ပြန်ရောက်လာမှာ ဖြစ်ကြောင်း၊ ဒီအချက်တွေကို အခြေခံ၍ အနုပညာ ဖန်တီးသူအတွက် အတွေးသစ်၊ အမြင်သစ်များ တိုးပွားလာပြီး အနုပညာပစ္စည်းများ ထပ်မံထုတ်လုပ်နိုင်ကာ အနုပညာရပ်ဝန်းများ ကျယ်ပြန့်လာပြီး ဖန်တီးရသူမှာလည်း ဖန်တီးရကျိုးနပ်မှာဖြစ်ကြောင်း သျှားညိုက ပြောကြားသည်။

ယခု ပြသမှုနှင့်ပတ်သက်၍ ပရိသတ်ထံမှ မည်သည့် တုံ့ပြန်မှုမျိုးကိုမဆို ကြိုဆိုမျှော်လင့် နေပါကြောင်း သျှားညိုက ဆက်လက်ပြောကြားသည်။

ကြေးမုံကပြပွဲသို့ တက်ရောက် အဖွင့်အမှာစကား ပြောကြားပေးသည့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးသောင်းဟန်အား ပြပွဲနှင့်ပတ်သက်၍ ၎င်း၏ အမြင်ကို မေးမြန်းရာ "သမားရိုးကျ နည်းစနစ်လမ်းကြောင်းပေါ်မှ ခွဲထွက်၍ ယခုကဲ့သို့ ပထမဆုံး တီထွင် ပြသနိုင်မှုကို ၎င်းအနေဖြင့် ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ဤပြပွဲမျိုး ဖြစ်မြောက်ဖို့ ဆိုသည်မှာ မလွယ်ကူပါကြောင်း၊ အဓိကကျသည့် ပညာရပ်ဘက်ကပဲကြည့်ကြည့်၊ ငွေကြေးအတိုင်းအတာအရပဲကြည့်ကြည့်မလွယ်ကူသည့် အလုပ်ကို လုပ်ပြနိုင်၍ သျှားညိုကို ချီးကျူးပါကြောင်း၊ ပြောကြားသွားသည်။ပန်းပုရုပ်များ လှည့်လည်ပြသစဉ်တိုင်းရင်းသားကျေးရွာ၌ ခေတ္တရပ်နားစဉ် စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည့် သာကေတမှ မိသားစုတစ်စုကလည်း "ဤလိုပြပွဲမျိုးကို တစ်ကြိမ်မျှ မတွေ့ဖူးကြောင်း ယခုမိသားစု အပန်းဖြေလာကြရာမှ အထူးအဆန်းအနေဖြင့် မြင်တွေ့ရ၍ ဝမ်းသာကြောင်း" ပြောကြားသည်။ဤသည်မှာလည်း အနုပညာရှင် သျှားညို မျှော်လင့်ထားသလို ကြည့်ရှုသူပရိသတ်ထံမှ တစ်စုံတစ်ရာ တုံ့ပြန်မှု ဟုပင်ဆိုရမည်ဖြစ်ပါသည်။ ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးအောင်လှထူး(ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ)- ဒေါ်ယဉ်နု[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုကြီးကြပ်ရေး ဦးစီးဌာန၊ စက်မှု(၁)]တို့၏ သားလတ်

မောင်အောင်မြတ်သူ

License Aircraft Maintenance Engineer, Singapore Airline
B. Eng Tech (Mechanical),USQ, Australia
Dip in Mechanical Singapore Polytechnic

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးတင်ဝင်း(ငြိမ်း)-ဒေါ်ခင်စိုးဝင်းတို့၏သမီး

မမြတ်စန္ဒာစိုး

Supplier Quality Engineer,IBM Singapore Pte.Ltd
B.Eng Tech(Electrical&Electronic),USQ Australia
Dip in Electronic Communication,Singapore Polyte chnic
Dip in Electronic, City&Guilds, UK

တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင်စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်အောင်မြတ်သူ-မမြတ်စန္ဒာစိုး

ငွေရတုမင်္ဂလာဆုတောင်း

အနန္တ ကျေးဇူးရှင် ချစ်ဖေဖေ ဦးမျိုးဝင်း၊ ချစ်မေမေ ဒေါ်တင်တင်တို့၏ ငွေရတုမင်္ဂလာရက်မြတ် ၄-၁-၂၀၀၇ မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး-မောင်ဇာနည်မျိုးဝင်း (B.E Mechanical)
ချစ်သားငယ်-မောင်ဖြိုးဝေမျိုးဝင်း (A.G.T .I Mechatronic)
ဝင်းညီနောင်မိသားစု (2nd year Food Technology) (Dip in C.N.C)

ဥပဒေဘွဲ့ရများ၏ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

၁၉၈၄-၈၅ ပညာသင်နှစ်မှစ၍ ဥပဒေပညာသင်ကြားခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကိုတက္ကသိုလ်ဓမ္မာရုံတွင် ဇန်နဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) နံနက်၉ နာရီမှ ၁၂နာရီအထိ ပြုလုပ်မည်ဖြစ်ပါ၍ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက ဦးထွန်းထွန်းစိုး ဖုန်း-၀၂-၆၀၇၂၂၊ ဦးခင်မောင်လွင် ဖုန်း-၀၂-၈၈၁၉၂၊ ဦးဝင်းနိုင် ဖုန်း -၀၉-၈၀၃၄၈၁၇၊ ၀၁-၅၁၂၂၆၅၊ ၀၁-၅၃၈၆၇၁၊ ဦးဝင်းနိုင် (တောင်ငူ)ဖုန်း-၀၅၄-၂၅၆၃၅၊ ၂၅၆၁၅၊ ဦးတင်မောင်ဆွေ ဖုန်း-၀၉-၅၀၀၄၇၇၅၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၁၀၈၇၆၄၊ ဦးတင့်နေထွန်း ဖုန်း-၀၉-၅၁၂၂၀၉၀၊ ဦးတင့်ဝေ ဖုန်း-၀၉-၅၁၀၁၆၆၈၊ ဦးတင်အောင်ကျော် ဖုန်း-၀၉-၅၃၁၁၀၃၅၊ ဒေါ်မိခင်စောအောင် ဖုန်း-၀၉-၅၁၁၈၇၇၁၊ဒေါ်သီတာမြင့် ဖုန်း-၀၁-၅၃၆၅၃၉တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

စက်ရှင်တရားသူကြီး ဦးဘိုအုန်းအားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် (၆)မိုင် (၁၀)ရပ်ကွက် ဓမ္မာရုံလမ်းမကြီးနေ ဆရာမကြီး ဒေါ်ခင်စိန်နှင့် သမီး ချိုမာလာ၊ သား ကိုနိုင်အုပ်-မအေးအေးခိုင်တို့ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်း၊ စစ်ကိုင်း ဝါးချက်လမ်းအတွက် ကျပ်ငါးသိန်း စုစုပေါင်း ကျပ် ၁၀သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်တံတား စာပေစာနယ်ဇင်း သက်ကြီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် အသက် (၇၅) နှစ်အထက် စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို အထက ကျောက်တံတားခန်းမ၌ ဒီဇင်ဘာ ၃၀ရက်က ကျင်းပသည်။ အခမ်းအနားတွင် သက်ကြီးစာပေပညာရှင် ကိုးဦးတို့အား ငွေကျပ်သုံးသောင်းနှင့် ပစ္စည်းများဖြင့် ကန်တော့ကြသည်။

(အောက်ဝဲပုံ)

ထို့နောက် နှစ်ပတ်လည် အစည်းအဝေးကို ပြုလုပ်ရာ သဘာပတိအဖြစ်ဥက္ကဋ္ဌ ဦးကျော်စိန်နှင့် အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဘဝေတို့က ဆောင်ရွက်၍ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို အတည်ပြုကြသည်။

အစည်းအဝေးတွင် စာပေဆုများရရှိခဲ့ကြသော မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဂုဏ်ထူး ဦးသိန်းနိုင်၊သိပ္ပံစိုးမြင့်နိုင်၊ဦးအောင်စိုးတို့အား ဂုဏ်ပြုအမှတ်တရပစ္စည်းများ ချီးမြှင့်ပြီး ကန်တော့ပွဲအတွက် လှူဒါန်းသော အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းပေးအပ်သည်။(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

ရွှေထူးလွင် ရခိုင်မြောက်ဦး-စစ်တွေ ဘုရားဖူးခရီးစဉ်
ချောင်းသာ စား/တည်း-ငြိမ်း-၂၅၀၀ဝ/-ရွှေစက်တော်ဖွင့်ပွဲ ဆက်၍ပုဂံ၊ ပုပ္ပါး(၅/၆) ရက်၊ ဆက်၍ (မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ)၊ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (၉) ရက်၊ အားလုံးပါ (၁၂) ရက်၊ ကျိုက်ထီးရိုး၊ စား/တည်းငြိမ်း၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၄) ရက်၊ ဇလွန် ကားစီးလုံးငှားသည်။ ကြိုတင်လက်မှတ်ရောင်းပြီ။ ☎ : 254608
အမှတ် - (၄၄၄/၁)၊ ရွှေဘုံသာအထက်လမ်း၊ အမေရိကန်ဦးရှင်းရှေ့ ☎ :377921

အာဂုနဂါး
ချောင်းသာ ခရီးစဉ်
Ph:707062, 09-5022430
အမှတ်-၁၃(ပ-ထပ်)၊ ၈၉-လမ်း

ပရိသတ်ဆီက ယုံကြည်မှုသတင်းဂျာနယ်ဟာ "သတင်းဦးတယ်. . . သူပေးတဲ့ Taste က ထူးခြားတယ်" ဆိုလို့ . . . ဆက်ကြိုးစားနေပါတယ် . . . .

ယုံကြည်မှု သတင်းဂျာနယ်
TRUST
အတွဲ(၇)၊ အမှတ်(၁)
ကြာသပတေးနေ့တိုင်း ဖြန့်ချိ

- လွတ်လပ်ရေးနှင့် သမိုင်းစကား။
- အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ပအလုပ်အကိုင်အေဂျင်စီများ ဆွေးနွေးဖလှယ်ပွဲ
- လယ်ယာစီးပွားဖွံ့ဖြိုး တိုးတက်ရေး အများပိုင် ကုမ္ပဏီ ဖွဲ့စည်းမည်၊
- လွတ်လပ်ရေးနေ့အကြို နိုင်ငံအဝန်းမှ အကျဉ်းသား ၂၈၃၁ ဦး လွတ်ငြိမ်းသက်သာခွင့်
- မနောမြေရဲ့ ကချင်မနောပွဲ၊
- နန္ဒာလှိုင် နဲ့ အကယ်ဒမီအကြိုရင်ခုန်သံ
- ကမ္ဘာတလွှား ၂၀၀၆ ရဲ့ ထူးခြားသတင်းများ။
- အတွင်းရေးမှူးချုပ်သစ် ၂၀၀၇ မှာရင်ဆိုင်ရမယ့် ကမ္ဘာ့အရေးတကြီး ပြဿနာများ
- နှစ်သစ်ကူးကာလလေးအတွင်း (၉) ကြိမ် ဗုံးပေါက်ကွဲခဲ့တဲ့ ဘန်ကောက်
- *အပတ်စဉ် ဖော်ပြနေကျ ပြည်တွင်း၊ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ*

အမြန်အလိုရှိသည် (မလေးရှားအလုပ်အကိုင်)

ရွှေအင်း၀ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော Today Top Star ကုမ္ပဏီပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းမှ မလေးရှားနိုင်ငံအတွက် အောက်ပါလုပ်သားများ အမြန်လိုအပ်လျက်ရှိပါသည်။

(1) Magnificent Emblem (စားသောက်ဆိုင်လုပ်သား) ကျား (၂၀) ဦး
လစာ တစ်လလျှင် **(၈၀၀ - ၁၀၀၀) ရင်းဂစ်** အတွင်း လုပ်ငန်းအတွေ့အကြုံပေါ် မူတည်၍ ညှိနှိုင်းပေးမည်။ နေ/စား(ငြိမ်း) စီစဉ်ပေးမည်။ အင်္ဂလိပ်စကားအခြေခံဆက်သွယ်ပြောဆိုတတ်ရန်နှင့် ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံရှိပါက ဦးစားပေးမည်။

(2) K.K Painting (Semi Skill Painter) ကျား (၅) ဦး
လစာတစ် ရက်လျှင် **(၃၀) ရင်းဂစ်**၊ အချိန်ပိုတစ်လလျှင် အနည်းဆုံး (၅၀) နာရီ

(3) Asia File Products (Technician) ကျား (၅) ဦး
လစာ တစ်လလျှင် **(၁၀၀၀) ရင်းဂစ်** ခန့်ရရှိနိုင်မည်။ အင်္ဂလိပ်စကား ပြောဆိုဆက်သွယ်နိုင်ရမည်။ ဒီပလိုမာ / ဒီဂရီရရှိထားပြီး စက်ကိရိယာနှင့်ဆိုင်သော စက်ရုံလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

(4) UBC Commercial Vehicles (Skill welder) ကျား (၃၂) ဦး
အခြေခံလစာ တစ်ရက်လျှင် **(၂၅) ရင်းဂစ်** ရရှိနိုင်မည်။

(5) Sime Rengo Packaging (M)Sdn Bhd Production Operator ကျား (၂၀) ဦး
လစာ တစ်လလျှင် အချိန်ပိုအပါအဝင် **(၇၅၀) ရင်းဂစ်** ခန့်ရရှိနိုင်မည်။အင်္ဂလိပ်စာနှင့် သင်္ချာအခြေခံ နားလည်ရမည်။

Today Top Star Co.,Ltd. (ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း)
တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၅၀၀၅၄၇၊၅၀၀၅၄၈၊၅၃၄၇၂၀

နှစ်သစ်ကူးအထူးအစီအစဉ်
အကောင်းဆုံးကိုရွေးချယ်လိုက်ပြီ....
A3 Size Digital မိတ္တူကူးစက် နှင့်
Printer များကို
ရောင်းချပေးနေပါသည်။
SPECIAL PROGRAM
* 5% to 10% Discount
* 30,000 Copy / Print Free
* Free Installation Charges
* Free Delivery to Naypyitaw, Yangon, Mandalay
အမြန်ဆုံး ဆက်သွယ်ပါ။
(စက်အလုံးရေ ကန့်သတ်ထားပါသည်။)
(Authorized Sole Distributor)
PRIME - BOSS Company Limited
- 127/131, Sule Pagoda Rd, Ktd Tsp., Yangon. Tel: 95-1- 253509, 253943, 246946, Fax:95-1-256158
- No.(45/b), 78th St., between 34th St & 35th St., Chan Aye Thar Zan, Mandalay. Tel: 95-2-31383
E-mail: sales@primeboss.com.mm, Website: www.primeboss.com.mm

Practical A+ Special Course - only 6 persons
ကွန်ပျူတာပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Mon to Fri)(4-6pm)
သင်တန်းပြီးသုံးပါကလုပ်ငန်းခွင်အတွေ့အကြုံအနည်းဆုံးနှစ်(၆၀)ရရှိပြီးမှအောင်လက်မှတ်ရရှိပါမည်
Nawarat Computer Sales, Service, Rental & Training Center
Tel: 39 20 47, 09-51-64636, 09-51-33220
On Call Computer Service
Service Charges: Maximum 3000 Ks only
ကွန်ပျူတာပြုပြင်လိုပါက ဖုန်းဖြင့်ခေါ်ဆိုနိုင်ပြီး နေအိမ်အရောက်ပြုပြင်ပေးပါသည်

မျက်မှန်ဆိုလျှင် သူဘုရင်
ရုံမျက်မှန်
၃၄၅/၃၄၇၊ ရွှေဘုံသာလမ်း(အထက်)၊ ဖုန်း (၀၁) ၂၄၈၂၄၈၊ ၂၅၂၁၄၃
(ဂ)မိုင်လမ်းဆုံ၊ ဖုန်း (၀၁) ၆၅၂၈၀၂

ဟိမ်းအောင်ကျော်
အိုင်အိုမောင်ဒေးနှင့်
ဥဒါန်းမကျေသော မျိုးဆက်သွေး
မိတ်ဆွေစာပေ
ထွက်ပြီ
အမှတ် (၅၂)၊ ဘုရင့်နောင်လမ်း၊ ပေါက်တောဝ၊ အင်းစိန်။

DUAL TECH
အင်ဂျင်နီယာသင်တန်းများ
၁။ရေခဲသေတ္တာပြုပြင်တပ်ဆင်ခြင်းသင်တန်း
၂။မော်တော်ကားစက်ပြင်သင်တန်း (Diesel, Petrol & CNG)
၃။မော်တော်ကားဝါယာရိန်းသင်တန်း
၄။စက်မှုအလုပ်ရုံသုံးလျှပ်စစ်သွယ်တန်းခြင်းသင်တန်း
၅။အသုံးချအီလက်ထရောနစ်သင်တန်း
၆။တီဗွီ ဗွီစီဒီ ဒီဗွီဒီ ပြုပြင်ခြင်းသင်တန်း
၇။ဂဟေဆက်သင်တန်းများ (3G, 4G, 5G, 6G)
၈။ဖစ်တာသင်တန်းများ (General & Pipe)
၉။ပန်းရံ သရီသကွေး သင်တန်းများ
၁၀။မော်တာထရန်စဖော်မာပြုပြင်ခြင်း၊ထိန်းချုပ်ခြင်းသင်တန်းများ
၁၁။သင်္ဘောကျင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ (Ship Carpenter & Ship Electrician)
၁၂။Civil (B.C, Drawing & Estimates, AutoCAD, R.C)
၁၃။AutoCAD (M.P) (2D & 3D)
၁၄။CAD/CAM & CNC Programming
၁၅။ကွန်ပျူတာသင်တန်းများ (Basic, DTP, Graphic, A+, C++)
၁၆။အင်္ဂလိပ်စာသင်တန်းများ (Grammer,Speaking & 4 Skills)
15.1.07 နေ့ထိ ကျောင်းအပ်သူများကို 20% Discount
ပြည်လမ်း နှင့် မင်းဓမ္မလမ်းထောင့်(ဇော်ဘွားကြီးကုန်းမီးပွိုင့်အနီး)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ Ph-727293, 09-5137649.

နေ့စဉ် ဝင်ငွေ ယူမလား
စာကြည့်တိုက် လုပ်မလား
စာအုပ်ဆိုင်ဖွင့်လိုပါက ထက်ဝက်ခွဲမြို့ဝတ္ထု (စာအုပ်အသစ်) များကို (အထူးလျှော့ဈေး)
အုပ် ၃၀၀ ကို ၇၅,၀၀၀ကျပ် (တစ်အုပ်ကို ၂၅၀ ကျပ်)
အုပ် ၃၀၀ အဖုံးချုပ်ပြီး (၉၄,၀၀၀ ကျပ်)
အုပ် ၄၀၀ ကို ၉၅,၀၀၀ ကျပ် (တစ်အုပ်ကို ၂၃၈ ကျပ်)
အုပ် ၄၀၀ အဖုံးချုပ်ပြီး (၁၂၀,၀၀၀ ကျပ်)
ဘဏ်မှ ငွေပေးပို့ပါက စရိတ်ငြိမ်းပို့ပေးပါမည်။
ရွှေပဒေသာဦးရွှေဥလကျော်စာအုပ်ဆိုင်
အမှတ် (၂၂၀)၊ ပထမထပ်၊ ၃၁ (အထက်လမ်း) ရန်ကုန်မြို့။
ဖုန်း-၃၈၄၉၂၇၊ ၀၉၅၁ ၂၇၁၉၅ (အိမ်) ၂၀၁၆၃၁

ဟိုင်းကတေးကတ
❖ စာရေးဆရာ (၈၅)ဦးရဲ့ နှစ်သစ်မှာ အမှတ်တရစကားများနှင့်
❖ သတင်းခေတ်နှင့် ရသစာပေအကြောင်း စာရေးဆရာများ၏ ဆွေးနွေးချက်များ
❖ အကယ်ဒမီစန္ဒာရဲ့ နောက်ဆုံးနေ့နှင့် သူ၏ဘဝမှတ်တမ်းရုပ်ပုံလွှာများ
❖ အကယ်ဒမီအတွက် ကြိုတင်ရင်ခုန်သူတစ်ဦး
❖ ကိုယ့်ကိုယ်ကိုယ် (၁၆) နှစ်လို့ သတ်မှတ်ထားတဲ့ ဖြူဖြူကျော်သိန်း
❖ ဖိုးကျော်နှင့် ပရိသတ်တို့တွေ့ဆုံပွဲ
❖ ဒါတွေမပါရင် မြန်မာကားမဟုတ်ဘူးလား. . . မြန်မာ့ရုပ်ရှင်ဝေဖန်ချက်
❖ ကိုရီးယားဇာတ်လမ်းတွေနဲ့ မြန်မာပရိသတ်အမြင်
❖ ပရိသတ်ကြိုက် ကျေးတောသူ ဘေဒ္ဒနာအကြောင်း
❖ ရဲလေးပြောတဲ့ ရဲလေးအကြောင်း
❖ ကျားပေါက်မဖြစ်ချင်တဲ့ *BIG BAG*
❖ ရိန်းနဲ့ ဂွန်စောကို မမေ့ကြသူများအတွက် မေတ္တာလက်ဆောင်
❖ ဒဂုန်တာရာ၊ ပါရဂူ၊ အံ့မောင်၊ ခင်ဆွေဦး၊ မောင်ညိုပြာ၊ မောင်သန်းဆွေ (ထားဝယ်)၊ ဦးသန်းထွန်း (ရွှေဘို) စသည့် ကလောင်အားများနှင့် မောင်သာနိုးဆီရောက်လာတဲ့ ပရိသတ်ဆီကစာတစ်စောင်. . . စသည့် စိတ်ဝင်စားဖွယ်ရာများနှင့်
၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလ အထူးထုတ် ထွက်ပြီ

တစ်နှစ်ပြည့် အမှတ်တရ
စာသုကြီး စာအုပ်ဆိုင်
နှစ်ပတ်လည်စာအုပ်ဈေးရောင်းပွဲ
သီဟရတနာ၊ မျိုးဆက်သစ်၊ Quality၊ Unity၊ မုံရွေး၊ မြခြူး၊ ထက်ထက်အောင်၊ ရတနာပုံ၊ သူရိယ၊ စိတ်ကူးချိုချို
စာအုပ်တိုက် ၁၀ တိုက်
အထက်ပါစာအုပ်တိုက်များ၏ တိုက်ထုတ်စာအုပ်များအားလုံး ၁၅ မှ ၃၀ လျှော့နှုန်း၊
၂၀၀၇ ဇန်နဝါရီလ (၄) ရက်နေ့မှ - ဇန်နဝါရီလ (၁၀) ရက်နေ့ထိ၊
အင်းဝစာအုပ်ဆိုင်၊ ၂၃၂၊ ဆူးလေဘုရားလမ်း(အထက်)၊ ရန်ကုန်မြို့။ Tel-705315

သမ္မတ ခေတ်မီအဆင့်မြင့်ပြင်ဆင်ပြီး
15 % off
တိုက်ခန်းသစ်များရောင်းမည်။
ရန်ကုန်မြို့လယ်၊ရွှေတိဂုံဘုရားအနီးတွင်တည်ရှိပြီး၊ဈေးနီး၊ကျောင်းနီး၊ရေမီးစုံ၊လူနေခွင့်ကျပြီး၊အခန်းဖွဲ့ပြီး၊ ပါကေးခင်း၊အိမ်သာ၊ရေချိုးခန်း၊မီးဖိုခန်း၊ကြွေပြားခင်း၊ကိုယ်ပိုင်ထရမ်စဖော်မာ၊ဂျိုးဖြူရေ၊ရေပူရေအေးစက် တပ်ဆင်ပြီး နယ်မှဝယ်ယူအားပေးသူများကိုအထူးအခွင့်အရေးဖြင့်ဦးစားပေးရောင်းချပေးနေ ပါသည်။မော်ဒယ်မြင့်ထားနှင့်လည်းလဲမည်။အရစ်ကျငွေပေးချေမှုစနစ်ဖြင့်ရောင်းချပေးမည်။
အမှတ်-၁၁၈၊ ရေတာရှည်လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၅၅၈၁၃၅၊၅၄၅၃၃၉၅၊၀၉-၉၉-၂၄၃၆၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဆုရယ်[၂/ဖရဆ (နိုင်) ၀၀၀၀၅၃]၏ ပတ်စ်ပို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။
ဖုန်း-၅၀၁၆၆၃

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဂျိုဝါနီ[၂/ဖရဆ (နိုင်) ၀၁၂၂၃၁]၏ ပတ်စ်ပို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း- ၅၀၁၆၆၃

ဖခင်အမည်မှန်

ကျွန်တော် မောင်ထင်အောင်ကျော်ထက် (၁၂/မဘန(နိုင်) ၀၀၀၄၄၇)၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြွယ် ဖြစ်ပါသည်။

ငွေကြယ်လင်း
(Hotel ဖြင့် စရိတ်ငြိမ်းခရီးစဉ်)
ကျိုက်ထီးရိုး - ၂၅၀၀၀
ချောင်းသာ - ၄၀၀၀၀
ကားစီးလုံးငှားစီစဉ်ပေးသည်။
384175, 09 518 5047

ကံ့ကော်ရိပ်
ရာထူးဝင်
ဝင်ခွင့်ရသင်တန်းများ
ဖွင့်ပြီ။
အမှတ် (၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်း နှင့် ၃၈ လမ်းကြား။ တိုက်(၁)၊ ဒုတိယထပ်၊ ဦးထွန်းလင်းမြဲလမ်းထိပ်၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး။
ဖုန်း - ၃၉၁၂၆၆၊ ၅၁၂၆၅၃

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

အထက(၃) ကြည့်မြင်တိုင်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းစကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲ ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းရုံးခန်းမ၌ ပြုလုပ်မည်ဖြစ်ပြီး ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာမရောက်သော်လည်း ကြွရောက်ကြပါရန် နှိုးဆော်ထားသည်။ အလှူငွေနှင့်ပစ္စည်းများကို ဆရာမ ဒေါ်စန်းဝင်း၊ ဆရာမ ဒေါ်ဌေးရီ ကျောင်းဖုန်း -၂၂၀၃၈၀၊ ဦးမြင့်သန်း ဖုန်း- ၀၉၁၀၁၀၉၂၊ ဦးအောင်ကျော်ဦး ဖုန်း- ၀၉၅၁၁၄၂၆၄၊ ဦးသိန်းဝင်း ဖုန်း-၅၀၇၁၄၉၊ ဦးစိုးဝင်း(ဆန်နီ) ဖုန်း- ၀၉၅၁၃၂၀၃၆၊ ဦးချာလီမောင် ဖုန်း -၀၉၉၀၃၂၀၅၁၊ ဦးခင်မောင်လှ ဖုန်း- ၀၉၈၀၂၃၅၇၉၊ ဦးဌေးဝင်း (MRTV)ဖုန်း- ၀၉၅၁၈၅၆၅၇၊ ဦးကြည်ကို ဖုန်း-၀၉၅၁၆၃၇၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဂျပန်နိုင်ငံ

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အာကီဟီတိုထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ထို့အပြင် အဆွေတော်၏ကျန်းမာရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ သာယာဝပြောရေးအတွက်လည်း ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✪

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့်အမိန့်ကြော်ငြာစာများထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၇)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၇)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၇)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၇)ကို လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၀၇)ကို လည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၇)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၇)ကို လည်းကောင်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၂ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်တစ်ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခုနစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၈ ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၅၂ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၆ပါး၊ သီလရှင်ခြောက်ပါး စုစုပေါင်း ၆၂ပါး၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✽

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှတ်(၃) သံမဏိစက်ရုံ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များ ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရာတွင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အမှုထမ်းဆောင်ခဲ့ခြင်းအတွက် စစ်မှုထမ်းနှစ်ဦးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု

- **နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်းက မျက်မှောက်ပြုရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။**

  (ခေါင်းကြီး) စာမျက်နှာ-၂

- **နယ်ချဲ့တို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင်ရှိခဲ့သည်။ ယနေ့တိုင်လည်း ရှိနေဆဲဖြစ်သည်။ နောင်လည်း ရှိနေဦးမည်ဖြစ်သည်။ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု အစည်းပြေလျှင် နယ်ချဲ့တို့ အလွယ်တကူဝင်လာကြစမြဲဖြစ်သည်။**

  တက္ကသိုလ်မောင်သုလှိုင်၏ **"လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်မှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့"**

  (ဆောင်းပါး) အထူးထုတ်စာမျက်နှာ(ဃ)

- မြင်းမူမောင်နိုင်မိုး၏ **"လွတ်လပ်သောမြန်မာပြည်"**

  (ကဗျာ) အထူးထုတ် စာမျက်နှာ(ဂ)

- **ကာတွန်း** မင်းဦး(ဒဿန) စာမျက်နှာ-၂

အထူးထုတ် (၄)မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထူးထုတ် ရောင်စုံလေးမျက်နှာ ဖော်ပြပါရှိပါသည်။

ပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးရာတွင် တိကျမှန်ကန်ဖို့လို ဓာတ်အားဖြန့်ဝေမှုစီမံချက်များကို ပြည်သူများနားလည်အောင်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၃၁ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် လှော်ကားဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးသိန်းဇော်က သဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ်ဦးညိုဝင်းက အမှတ်(၃) သံမဏိစက်ရုံ ဓာတ်အားရရှိမှုတွင် ဗို့အားအတက်အကျဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးထွန်းအေးက သံမဏိစက်ရုံသို့ လှော်ကားစက်ရုံမှ 66 KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးမှုအခြေအနေများနှင့် ရွာမစက်ရုံမှ 33 KV ဓာတ်အားလိုင်းပေးထားမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမှတ်(၃)သံမဏိစက်ရုံ စက်ရုံမှူး ဗိုလ်မှူးကြီးတင်စိုးက သံရည်ကျိုလုပ်ငန်း ဆောင်ရွက်မှုတွင် လျှပ်စစ်ဓာတ်အား လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက အမှတ်(၃) ရွာမသံမဏိစက်ရုံ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား လှော်ကားစက်ရုံ၏ ထိန်းချုပ်ခန်း၌ စက်ရုံမှူး ဦးသိန်းဇော်က ကွန်ပျူတာများဖြင့် ထိန်းချုပ်ဆောင်ရွက်မှု၊ စက်ရုံဝင်းအတွင်း စက်များမောင်းနှင်နေမှု၊ Gas Line ဝင်ရောက်မှုနှင့် Gas Control ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖